# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 7 January 2025 ၁၁၆၉၅


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဖြူးမြို့နယ်၌ ပဲစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

## ဖြူးမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ လျာထားချက်ထက်ကျော်လွန် စိုက်ပျိုးပြီးစီး

ဖြူး ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံပဲမျိုးစုံ ၁၂၅၂၀၂ ဧက စိုက်ပျိုးနိုင်ရေး လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ၁၄၃၄၉၃ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ်တွင် ဆောင်းသီးနှံများဖြစ်သည့် မတ်ပဲ ၉၈၂၁၉ ဧက၊ ပဲတီစိမ်း ၁၆၁၁၂ ဧက၊ ပဲနောက် ၅၃၁၄ ဧက၊ ဗိုလ်ကိတ် ၆၂၆ ဧက၊ ပဲကြီး ၂၃၅ ဧက၊ စွန်တာနီ ခြောက်ဧက၊ ကုလားပဲ ၂၇ ဧက၊ ပဲလွမ်း ၄၆၆၃ ဧက စုစုပေါင်းပဲမျိုးစုံ ၁၂၅၂၀၂ ဧကစိုက်ပျိုးသွားနိုင်ရေး လျာထားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ရှားပါးငှက်စာရင်းဝင် ဆောင်းခိုငှက်ခရုစုတ်ခေါင်းမဲများကို တွေ့ရစဉ်။

## မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်၊ ရေပျော်ငှက်နှင့် ငှက်မျိုးစိတ် ၁၁၅ မျိုး လာရောက်ဆောင်းခို

ရန်ကုန် ဇန်နဝါရီ ၆

ကမ္ဘာ့ဆောင်းခိုငှက်မျိုးစိတ်များ ကျက်စားရာ ရမ်ဆာ ရေဝပ်ဒေသ(Ramsar Site)တစ်ခုဖြစ်သည့် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်၊ ဌာနေရေပျော်ငှက်နှင့် ငှက်မျိုးစိတ် ၁၁၅ မျိုး လာရောက်ဆောင်းခိုနေကြောင်း မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ဒီနှစ်ဆောင်းရာသီမှာ ဆောင်းခိုငှက်မျိုးစိတ်လေးမျိုး လျော့နေတာတွေ့ရတယ်။ မိုးရေဝင်ရောက်မှုများခဲ့တာရယ်၊ အအေးဓာတ်လျော့နေတာကြောင့် ဆောင်းခိုငှက်အဝင်နည်းသေးတာလို့ ပြောရမှာပါ။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖

**ယနေ့ ဖတ်စရာ**


**တပည့်အပေါင်း ချမ်းသာစေကြောင်း တောင်းဆုဆိုမည်**
ဆောင်းပါး စာမျက်နှာ » ၇

**ဝဠမျိုးစိတ်များနှင့် ကျန်းမာရေးအကျိုးသက်ရောက်မှုများ**
ဆောင်းပါး စာမျက်နှာ » ၁၁

**တရုတ်နိုင်ငံက လူငယ်သိပ္ပံပညာရှင်များ ထပ်မံမွေးထုတ်ရေး စီစဉ်ဆောင်ရွက်**
စာမျက်နှာ » ၁၃

**အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်**
စာမျက်နှာ » ၁၇

**ရေစကြိုမြို့နယ်၌ မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရရှိကာ အကျိုးအမြတ်ရ**
စာမျက်နှာ » ၁၉

ကြေးမုံ

# ဘိုးဘွားဘီဘင်များ မျှော်မှန်းချက် နိုင်ငံအတွက် အားကြိုးမာန်တက်

ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြသည်။ သို့သော် ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်သိမ်းပိုက်ခြင်းခံရပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်ကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ရဲစွမ်းသတ္တိအပြည့်ဖြင့် တပ်မတော်နှင့်အတူလက်တွဲ၍ နယ်ချဲ့တို့ကို တွန်းလှန်ခဲ့ရာ လုံးဝလွတ်လပ်သော နိုင်ငံအဖြစ် ပြန်လည်ရရှိပိုင်ဆိုင်ခဲ့သည်။

ရဲစွမ်းသတ္တိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပြည့်ဝမှုကြောင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့သည်။ သို့သော် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးများနှင့်အတူ ပြည်တွင်း၊ ပြည်ပ ပယောဂအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခအဖုံဖုံဖြစ်ပွားခြင်းနှင့်အတူ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလမှစ၍ မျက်မှောက်ကာလအထိတိုင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "မိမိတို့၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေး ရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံသာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ရှေးရှုပြီး "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဟူသောအချက်ပါဝင်သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး" ပါဝင်သည့် ဦးတည်ချက်(၉)ရပ်ကိုလည်း နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးတို့၏ အင်အားသည် အဓိကကျပြီး အားလုံးပူးပေါင်းပါဝင်မှုသည် အရေးကြီးသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် စည်းလုံးညီညွတ်မှု အားမာန်များကဲ့သို့ ခွန်အားများမွေးမြူထားရှိကြရန် လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လွတ်လပ်ရေးနေ့အခါသမယတွင် နှစ်စဉ်ဂုဏ်ပြုချီးမြှင့်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်အတွက် စံနမူနာပြပုဂ္ဂိုလ်များဖြစ်သည်။

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့် အမျိုးသားရေးရည်မှန်းချက်များတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးစသည့် အချက်များစွာတို့နှင့် ကဏ္ဍအလိုက် အသေးစိတ် အကောင်အထည်ဖော်ရမည့် လုပ်ငန်းတာဝန်များစွာရှိသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်များအားလုံး အချိန်တိုအတွင်း ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ ဘက်ပေါင်းစုံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရွှေတောင်မြို့နယ်၌ သီးပင်စားပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

ရွှေတောင် ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဒေသခံစိုက်ပျိုးရေးတောင်သူများအနေဖြင့် ဆောင်းရာသီ သီးပင်စားပင်နှင့် နှစ်ရှည်ပင်များ နှစ်စဉ်စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိလျက်ရှိသည်။



ဒေသခံစိုက်ပျိုးရေး တောင်သူများအနေဖြင့် နှစ်စဉ်ဆောင်းရာသီ သီးပင်စားပင်များအဖြစ် ဘူးသီး၊ ပဲတောင့်ရှည်၊ သခွား၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပြောင်းဖူး၊ ပန်းဂေါ်ဖီ၊ ဆလတ်ရွက်၊ ပန်းမျိုးစုံနှင့် နှစ်ရှည်ပင်များဖြစ်သည့် မာလကာသီးပင်၊ အာဆီယံသပြေပင်တို့ကို စိုက်ပျိုးလျက်ရှိသည်။

အဆိုပါ ဒေသထွက် သီးပင်စားပင်များကို စိုက်ခင်းတွင်ရောင်းချခြင်း၊ နယ်မြို့များဖြစ်သည့် ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ ရန်ကုန် အစရှိသည့် မြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ မိသားစုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည် ။

ကိုကိုမင်း (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၆၉၄ | ၅,၇၆၅,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၁,၀၅၄ | ၃,၃၂၂,၆၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၃၁၆ | ၅၉၂,၁၀၀ |
| TMH | ၃,၃၀၀ | ၃,၂၅၀ | ၅၁၂ | ၁,၆၈၉,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၃၁ | ၁,၉၁၀,၂၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၃၀၀ | ၁,၂၆၀,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၅၀ | ၃၉၉ | ၁,၂၁၁,၈၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၈၀ | ၂၄၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၄၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်သည့် ဦးစီးကော်မတီလုပ်ငန်းသုံးသပ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်သည့် ဦးစီးကော်မတီလုပ်ငန်းသုံးသပ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဆပ်ကော်မတီများမှ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခင်နှစ် (၂၄)ကြိမ်မြောက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၂၃၀၆ ဦး ယှဉ်ပြိုင်ခဲ့ပြီး ယခု(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ပြိုင်ပွဲဝင်အင်အား ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ ယခုနှစ်တွင် အချို့သောဘာသာရပ်များ၌ ဆုအရေအတွက်ပိုမိုချီးမြှင့်ပေးခဲ့သဖြင့် ပြိုင်ပွဲဝင်များ၏ စိတ်ဓာတ်ခွန်အားကို ဖြစ်စေခဲ့ပြီး ပြိုင်ပွဲဝင်များအတွက် ရွှေ၊ ငွေ၊ ကြေးနှင့် ဒိုင်းတံဆိပ်ဆု စုစုပေါင်း ၅၅၀ ကို ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်က အလေးထားကာ နှစ်စဉ် ကျင်းပပြုလုပ်ပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး နောင်နှစ်ပေါင်းများစွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ပြိုင်ပွဲ၏ အားသာချက်၊ အားနည်းချက်များကို အလေးဂရုပြုပြီး ဝိုင်းဝန်းသုံးသပ် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဲနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ အကြံပြုသုံးသပ်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားတို့၏ ရိုးရာတူရိယာများကို စုပေါင်းတီးခတ် ဖျော်ဖြေနိုင်ရန်အတွက် ဦးဆောင်ကြိုးပမ်း ဖန်တီးပုံဖော်ဆောင်ရွက်ခဲ့သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ❂ ရွှေဖုံးမှ

မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့်ဒေသခံတောင်သူများ ပူးပေါင်း၍ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များဖြင့်စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်များဖြင့်ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေအရ မတ်ပဲ ၁၀၆၂၈၇ ဧက၊ ပဲတီစိမ်း ၁၇၆၁၃ ဧက၊ ပဲနောက် ၈၃၁၁ ဧက၊ ဗိုလ်ကိတ် ၇၁၁၄ ဧက၊ ပဲကြီး ၂၃၅ဧက၊ စွန်တာနီ ခြောက်ဧက၊ ကုလားပဲ ၂၇ဧက၊ ပဲလွမ်း ဧက ၃၉၀၀ စုစုပေါင်း ၁၄၃၄၉၃ ဧကကို လျာထားချက်ပြည့်မီ ကျော်လွန်စွာစိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**



ဖြူးမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပဲစိုက်ခင်းကို တွေ့ရစဉ်။

## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

### ❖ မိုးယွန်းကြီးအင်းမှ

အခုလကုန်ပိုင်းဆိုရင် ဝင်ရောက်မှု ကောင်ရေအတိအကျသိနိုင်ပါပြီ။ မိုးယွန်းကြီးအင်းကို ရှားပါးငှက်မျိုးစိတ် ၁၀ မျိုး ဝင်ရောက်လေ့ရှိပြီးတော့ ဒီရာသီမှာ မျိုးစိတ် ငါးမျိုးတွေ့နေရပါပြီ။ နောက်လမှာအားလုံးတွေ့ရနိုင်ပါတယ်” ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ယခုဆောင်းရာသီ၌ အင်းရေပြည့်နေပြီး အနိမ့်ဆုံးနေရာတွင် ရေအနက် ငါးပေကျော်နှင့် အနက်ဆုံးနေရာ၌ ၁၀ ပေကျော် ရှိနေ၍ ဆောင်းခိုငှက် ဝင်ရောက်မှု ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းနေသော်လည်း လကုန်ပိုင်းတွင် ထပ်မံဝင်ရောက်လာနိုင်သည်ဟု မိုးယွန်းကြီးအင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ခန့်မှန်းထားသည်။

ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ဆောင်းခိုငှက်မျိုးစိတ် လေးမျိုးမှ ငှက်ကောင်ရေ ၆၄၀ ကျော် လျော့နည်းခဲ့သော်လည်း ယခုနှစ်ဆောင်းရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၃၀ တွင် ကောင်ရေ ၃၇၀၀ ကျော်၊ ဌာနေရေပျော်ငှက်မျိုးစိတ် ၁၉ မျိုးတွင် ကောင်ရေ ၈၉၀၀ ကျော်၊ ကုန်းနေငှက်မျိုးစိတ် ၆၆ မျိုးတွင် ကောင်ရေ ၇၅၀၀ ကျော် စုစုပေါင်း ငှက်မျိုးစိတ် ၁၁၅ မျိုးမှ ငှက်ကောင်ရေ ၂၀၀၀၀ ကျော် ဝင်ရောက်ကျက်စားလျက်ရှိပြီး နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ငါးမျိုးစိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ တည်ရှိနေကြောင်း သိရသည်။



မိုးယွန်းကြီးအင်း၌ ဆောင်းခိုငှက်မယ်ညိုကို တွေ့ရစဉ်။

အင်းအတွင်းနှင့် အင်းဧရိယာအစပ်တို့၌ ဘဲပြာကလေး၊ တောဝမ်းဘဲ၊ ခရုတုတ်၊ ခရုစုတ်ခေါင်းမဲ၊ ရေညှောင့်၊ ဒီလုံး၊ ဒေါင်းလန်းခြေထောက်၊ တစ်တီတူး၊ တလိုင်းခေါင်း၊ တောဝမ်းဘဲ၊ ဘဲအ၊ စစ္စလီ၊ ရေကြက်ဒုံ၊ အော်ယော်၊ ဇင်ရော်နှင့် အခြားဆောင်းခိုငှက်များ ကျက်စားလျက်ရှိပြီး ဒိုက်များနှင့် ကြာတောများအတွင်း၌ တင်ကျီး၊ ဥပန်း၊ စစ္စလီ၊ မယ်ညို၊ ကရကတ်၊ ခရုစုတ်၊ ငှက်ကျား၊ ခရုစုတ်ခေါင်းမဲ၊ ငဟစ်၊ ဗျိုင်းအောက်၊ ကြာဖက်နင်း၊ ဘောင်ထုတ်၊ စွန်တောက်ကျား၊ လင်းဝက်၊ ပိန်းညှင်း၊ ပုဇဉ်းထိုး၊ ငှက်တစပ်၊ စွန်တောင်နက်၊ ဒေါင်းစွန်၊ ငှက်တော်၊ ငှက်ပန်းထိမ်၊ ဗျိုင်းမျိုးစိတ်များနှင့် အခြားဌာနေရေပျော်ငှက်များ ကျက်စားလျက်ရှိကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်များ အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်ဝင်ရောက်လေ့ရှိပြီး ဧပြီလ နောက်ဆုံးပတ်တွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း သိရသည်။ **ညီမ်းသူ( သတင်းစဉ်)**

**ဓာတ်ပုံ - မိုးယွန်းကြီးအင်းအုပ်ချုပ်ရေးမှူးရုံး**




## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၆-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၉-၁၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၁) နာရီမှ (၅-၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂,၄၆၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၆**

ဥပဒေအသိပညာ ဖြန့်ဝေခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၆)၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်နှင့် သင်တန်းနည်းပြများ၊ ဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့သင်တန်းတွင် ပညာရပ်ကျွမ်းသူများက ကဏ္ဍစုံသင်ကြားသလို မိမိကိုယ်တိုင်ကလည်း နိုးကြားတက်ကြွစွာ လေ့လာသင်ယူကြရန်နှင့် အချင်းချင်း အသိပညာမျှဝေရန် လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ ဌာနဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူအချင်းချင်း ဆွေးနွေးဖလှယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု ရှိစေကြောင်း၊ ယခုသင်တန်း တက်ရောက်သူအားလုံးက ဥပဒေဆိုင်ရာပညာရပ်များကို နားလည်သဘောပေါက်ပြီး မိမိဌာနတွင်လည်း ဥပဒေ၏အရေးပါမှုကို သိရှိစေနိုင်ရန် ထပ်ဆင့်မျှဝေခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဥပဒေမူကြမ်း ရေးဆွဲခြင်းနှင့် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ရေးဆွဲခြင်းစသည်တို့နှင့် စပ်လျဉ်း၍ သိကောင်းစရာနှင့် လိုက်နာကျင့်သုံးရန်များ၊ တစ်ဆင့်ခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းများ၊ စာချုပ်စာတမ်း ချုပ်ဆိုရာတွင် သိရှိလိုက်နာရန်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေး တို့ကိုလည်း ပို့ချဆွေးနွေးသွားမည် ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသားသင်တန်းသူ အရာထမ်း ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်နှင့် အမျိုးသမီးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးကော်မတီအတွင်းရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ NSPAW လုပ်ငန်းကော်မတီ (၁၂)ရပ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ကနဦးအစီရင်ခံစာနှင့် နှစ်နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာတင်သွင်းနိုင်ရေး၊ ကျား၊မ ရေးရာလုပ်ငန်းစဉ်များကို ကဏ္ဍစုံတွင်ထည့်သွင်းခြင်း (Gender Mainstream-ing) ဆောင်ရွက်နိုင်ရန် ခန့်အပ်ထားသည့် သက်ဆိုင်ရာဌာနများမှ Gender Focal Point များက လုပ်ငန်းဆောင်ရွက်မှုများကို သုံးလတစ်ကြိမ် အစီရင်ခံစာပြုစုတင်ပြရေးတို့ကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် တည်ရှိနေသောကြောင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားခြင်းဖြစ်၍ အမျိုးသား အမျိုးသမီးအားလုံး သိရှိနိုင်ရန် အသိပညာပေးခြင်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း - NSPAW တွင် ပါဝင်သည့် လုပ်ငန်းနယ်ပယ် (၁၂)ရပ်အနက် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း NSPAW လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၆**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)ရှိ Meeting Hall ၌ ကျင်းပရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု တစ်မျိုးတည်းကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပြီး အဆိုပါ လူဦးရေမှ ၁ ဒသမ ၂ သန်းသည် ကိုယ်တိုင် ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့်မဟုတ်ဘဲ အခြားသူ သောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ရောဂါများဖြစ်ပွား၍ သေဆုံးနေရပြီး အများစုသည် အမျိုးသမီးနှင့်ကလေးငယ်များဖြစ်သည်ကို တွေ့ရှိရကြောင်း။

၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကိုလည်း ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူများအကြား ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု လျော့နည်းကျဆင်းရေးကို ရည်ရွယ်၍ ထုတ်ပြန်ကြေငြာခဲ့သည့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေး သတိပေးရုပ်ပုံများ၊ စာသားများကိုပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်သည့်အတွက် အမိန့်စာကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း၊ အမိန့်စာပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းရှင်များဘက်မှ လိုက်နာဆောင်ရွက်ရန်ကိစ္စများကိုလည်း အထူးအလေးထားလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေး သတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်

**မကွေး ဇန်နဝါရီ ၆**

မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီက မကွေးမြို့ နန်းထိုက်သူဟိုတယ် ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးတက္ကသိုလ်(မကွေး)မှ ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံး ရောဂါဘယကင်းဝေး၍ သက်ရှည်ကျန်းမာပြီး ကာယ၊ ဉာဏနှင့် လူမှုဘဝ ပြည့်စုံသောဘဝများ ရရှိ၍ အနာဂတ်တွင် ဘက်စုံဖွံ့ဖြိုးသော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်စေရန် မွေးကင်းစနှင့် ကလေး ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းများအားရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်မှစတင်ပြီး ရေမွှန်းသော မွေးကင်းစကလေး အသက်ရှူရန် အသက်ကယ်ပြုစုခြင်း ဆရာဖြစ်သင်တန်းများကို တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်များတွင် ဆောင်ရွက်ခဲ့ပြီး မွမ်းမံသင်တန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန ဌာနခွဲများ၏ သားဖွားခန်းများတွင် Bags & Mask နှင့် ချွဲစုပ် ကိရိယာများလည်း ဖြန့်ဖြူးထားပြီးဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ပြည့်မီစေရန် မွေးကင်းစကလေး သေဆုံးမှုအများဆုံးတွင် ပါဝင်သော မွေးကင်းစကလေးရေမွှန်းသေဆုံးမှုကို လျှော့ချရမည်ဖြစ်သည့်အတွက် ယခုသင်တန်းတွင် ကျွမ်းကျင်စွာ တတ်မြောက်အောင် သင်ယူပြီး မိမိတို့ဆေးရုံ၊ ဆေးခန်းဌာနများတွင် သင်ကြားရေးအဖွဲ့ငယ်များဖွဲ့စည်း၍ စဉ်ဆက်မပြတ် လေ့ကျင့်ခြင်း၊ လက်တွေ့အသုံးချခြင်းဖြင့် မွေးကင်းစကလေး ရေမွှန်းသေဆုံးမှုကို လျှော့ချနိုင်စေရန် အားလုံးပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**စတင်ဆောင်ရွက်**

ထို့နောက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး သင်တန်းပို့ချမှုကို စတင်ဆောင်ရွက်သည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ မှ ကျန်းမာရေးဝန်ထမ်း ၇၀၈ ဦးအား သင်တန်းပို့ချဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# မြဝတီမြို့၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်း စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် မြဝတီမြို့နယ် အခြေခံပညာကျောင်းများ၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက အထက(၁)၊ အထက(၂)နှင့် အထကခွဲ(၁)တို့၌ ကွင်းဆင်း ဆောင်ရွက်သည်။

**ရှင်းလင်းပြောကြား**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးနိုင်မိုးကို၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဦးသာနိုင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်နန်းမြအောင်၊ ဒုတိယမြို့နယ်ပညာရေးမှူး(ပညာ) ဦးဇေယျာအောင်နှင့် ပူးပေါင်းအဖွဲ့တို့သည် အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းတွင် ရောင်းချနေသည့် မုန့်များ သန့်ရှင်းလတ်ဆတ်မှုရှိ/မရှိ၊ ရက်လွန်အစားအစာများရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ ပါကင်ဖြင့် ထုပ်ပိုးထားသည့် အသင့်စားမုန့်များကိုသာ ရောင်းချရမည်ဖြစ်ကြောင်းနှင့် လက်လုပ် အစားအစာများ ရောင်းချခြင်း မပြုကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

အလားတူ မြဝတီမြို့နယ်၌ ကျန်ရှိသည့် အခြေခံပညာကျောင်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း အသိပညာပေး ဟောပြောပွဲများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**



# ဇလွန်မြို့နယ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်



**ဇလွန် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိသင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းကို ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ဘားအံ ဇန်နဝါရီ ၆**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများစုပေါင်း၍ စားသောက်ကုန်ပစ္စည်းများပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသက်ကို ပဓာနမထားဘဲ တာဝန်များ ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းဖြင့် အားပေးကူညီပေးခြင်းဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းရှင်း၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး လှူဒါန်းကြသည့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စားသောက်ဖွယ်ရာများ ကြော်လှော်ချက်ပြုတ်ပေးကြသည့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများအား ငွေကျပ် ၁၁ သိန်း ချီးမြှင့်ပေးအပ်သည်။

**ဆင္ဓမအကြိမ် ပေးအပ်**

ယနေ့တွင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆားလှော်၊ ကြံသကာ အစရှိသော စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ပါဝင်သည့် အထုပ်ပေါင်း ၇၅၀၀ ကို ဆဋ္ဌမအကြိမ်အဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာရုံးများ လှည့်လည်ကြည့်ရှု၊ ဝန်ထမ်းများနှင့်တွေ့ဆုံ

**စစ်တွေ ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်နယ်ရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရရှိရေးသည် အဓိကဖြစ်ကြောင်း၊ ဆားငန်ရေများ ပတ်လည်ဝိုင်းနေသော ရခိုင်ပြည်နယ်တွင် မိုးရေကို အဓိကထားစိုက်ပျိုးရကြောင်း၊ ရုံးလုပ်ငန်းများကိုလည်း ဝန်ထမ်းများအချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ဝန်ထမ်းဖွဲ့စည်းမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုံးအတွင်း ဝန်ထမ်းများက မိမိတို့၏ ရုံးလုပ်ငန်းများအား လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုပြီး ရုံးသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ပြည်နယ်ရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်၊ ဝန်ထမ်းလုံခြုံရေး၊ ရုံးလုံခြုံရေးနှင့် စာရွက်စာတမ်းများလုံခြုံရေးတို့ကို အလေးထားဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုံးအတွင်း ဝန်ထမ်းများက မိမိတို့၏ရုံးလုပ်ငန်းများအား လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုပြီး ဦးစီးဌာနဧည့်ရိပ်သာနှင့် ရုံးသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၂)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၃) သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၆**

အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၃၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။



**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၀၊ သင်တန်းသူ ၂၀၈ ဦး စုစုပေါင်း ၃၈၈ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၆ ရက်မှ မတ် ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ထို့ပြင် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရတနာသိင်္ဃခန်းမ၌ နံနက် ၉ နာရီတွင် ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

**ဖွင့်လှစ်မည်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၃၆ ဦး၊ သင်တန်းသူ ၂၃၂ ဦး စုစုပေါင်း ၃၆၈ ဦးတို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၆ ရက်မှ မတ် ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ္သာတမြို့နယ်၌ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ဟသ္သာတ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဟသ္သာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်စွာထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ဟသ္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား သင်တန်းသား ၃၅ ဦးဖြင့် ဇန်နဝါရီ ၆ ရက်မှ ၃၁ ရက်အထိ ရက်သတ္တ လေးပတ်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

**မိုး/ဇလ**

# တပည့်အပေါင်း ချမ်းသာစေကြောင်း တောင်းဆုဆိုမည်

## အေးအေးသန်း (ခရမ်း)

စာရေးသူအသက်က ၈၇ နှစ်၊ ပင်စင်စားကျောင်းဆရာမတစ်ဦးပါ။ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့တွင် အမှုထမ်းခဲ့ပါသည်။ အဆုတ်မကောင်းသည့်ရောဂါ၊ နှလုံးခုန်နှုန်းမြန်သည့်ရောဂါ၊ ည ည အိပ်မပျော်သည့်ရောဂါ၊ အသွားယားသည့်ရောဂါတို့ ခံစားနေရသူပါ။ သီတင်းဝါလကျွတ်လျှင် တပည့်များ လာကန်တော့ကြပါသည်။ ရောဂါများကြောင့် သတိမကောင်းတော့ပါ။ (၃၈)ဖြာမင်္ဂလာတရားကိုတောင် မမှတ်မိတော့ပါ။ စာရေးသူက ဒသမတန်း မြန်မာစာ(ပင်ရင်း)ကို သင်ပြခဲ့သူပါ။ တပည့်များ လာကန်တော့ကြသည့်အခါ ဆုပေးစကားပြောရပါသည်။ "သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံကြပါစေ" ဟု ပါမောက္ခချုပ်ဆရာတော်ကြီး၏ ဆုပေးစကားကိုပင် လိုရင်းတိုရှင်း ပေးလျှင်လည်းရပါသည်။

သို့ရာတွင် မြန်မာစာဆရာမပီပီ စကားစရှည်ချင်ပါသေးသည်။ သို့ကြောင့် ဆုပေးစကားများကို မှတ်မိအောင် စာရင်းလုပ်၍ ထားရပါသည်။ ထိုဆုပေးစကားများကို ကြားရသူအပေါင်း နှစ်ထောင်းအားရ သာဓုခေါ်နိုင်ကြစေရန် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

**ဆုပေးစကားများမှာ .....**

၁။ မင်္ဂလာတရားတော်နဲ့အညီ ဂါရဝေါစ၊ နိဝါတောစ၊ သန္တုဋ္ဌိစ၊ ကတညုတာအရ လာရောက်ကန်တော့ကြတဲ့အတွက် မိသားတစ်စုလုံး မင်္ဂလာတွေနဲ့ ပြည့်စုံကြပါစေ။

၂။ ဘုန်းကြီးပြီး အသက်ရှည်ကြပါစေ။ အသက်လည်းရှည် ဘုန်းလည်းကြီးမှကုသိုလ်တွေများများ၊ စွမ်းအားအပြည့်နဲ့ ပြုနိုင်မှာဖြစ်ပါတယ်။ ရဟန်းလည်း ရဟန်းဘဝ ဘုန်းကြီးပါစေ။ လူဖြစ်လည်း လူ့ဘဝ၊ လူတွေက ကြည်ညိုကြပါစေ။ သက်တမ်းစေ့စေ့ အသက်ရှည်နိုင်ကြပါစေ။ အသက်ရှည်ရင် ကုသိုလ်တွေများနိုင်တယ်။ ဘုန်းကြီးရင်လည်း အများကောင်းကျိုး သယ်ပိုးဆောင်ရွက် ကုသိုလ်တွေဆက်နိုင်မယ်။ ဒါကြောင့် တပည့်တွေ ဘုန်းကြီးပြီး အသက်ရှည်၊ အသက်ရှည်ပြီး ဘုန်းကြီးကြပါစေလို့။

> စကြဝဠာဆိုတဲ့ လောကကြီးဟာ အကြီးကြီးပဲ။ လူဆိုတာက စကြဝဠာကြီးမှာ သေးသေးလေးပဲ။ အဲဒီတော့ လူဆိုတဲ့ သေးသေးလေးဟာ မာနမထားသင့်ဘူး။ ကိုယ့်ရှိတဲ့စွမ်းအားနဲ့ လောကကြီးကို၊ သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုဖို့ပဲလိုပါတယ်။ ကိုယ်အကျိုးပြုတဲ့အတွက် မာနတက်စရာ လုံးဝမလိုပါ

၃။ လောကရှိ လူအားလုံးဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ သေခြင်းဟာ နောက်ဆုံးပဲတဲ့။ ကွေးသောလက်ကလေး မဆန့်ခင်၊ ဆန့်သောလက်ကလေး မကွေးခင်၊ နေ့မြင်လို့ ညပျောက်၊ ညမြင်လို့ နေ့ပျောက် ကြောက်စရာ သည်ခရီး နီးနီးလေးမှ နီးနီးလေးဟု အမြဲသတိမူနိုင်ကြပါစေ။

၄။ လူတွေဟာ တိမ်လိုမကျင့်နဲ့၊ မြေလိုကျင့်ပါတဲ့။ တိမ်ဆိုတာ လေတိုက်ရာ ပါတတ်တယ်။ လွင့်တတ်တယ်။ မတည်ငြိမ်ဘူး၊ မြေကြီးကတော့ ရွှေချထားတဲ့ကျန္တြေမျိုးနဲ့ တည်ငြိမ်တယ်။ သူ့အပေါ်ကို အညစ်အကြေးစွန့်လည်းခံတယ်။ ခွေးသေကောင်မြှုပ်လည်းရတယ်။ လူသေကောင်မြှုပ်လည်းရတယ်။ ပန်းတွေစိုက်လည်းရတယ်။ ဘုရားတည်လည်းရတယ်။ အဲဒီလို သည်းခံခြင်းတရား ရင်မှာထားနိုင်ကြပါစေ။

၅။ စကြဝဠာဆိုတဲ့ လောကကြီးဟာ အကြီးကြီးပဲ။ လူဆိုတာက စကြဝဠာကြီးမှာ သေးသေးလေးပဲ။ အဲဒီတော့ လူဆိုတဲ့ သေးသေးလေးဟာ မာနမထားသင့်ဘူး။ ကိုယ့်ရှိတဲ့စွမ်းအားနဲ့ လောကကြီးကို၊ သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုဖို့ပဲလိုပါတယ်။ ကိုယ်အကျိုးပြုတဲ့အတွက် မာနတက်စရာ လုံးဝမလိုပါ။ တပည့်တို့ သတိရှိစေချင်ပါတယ်။

၆။ မပစ်နိုင်သေးရင် မေတ္တာလေးနဲ့ ချစ်သွားပါ။ အောင်ဇမ္ဗူရိပ်သာဆရာတော် ဦးဉာဏိသရရဲ့ တရားခေါင်းစဉ်ပါ။ ဆရာမက ခေါင်းစဉ်လေးကို ယူပြီးဆုံးမပါရစေ။ ဗုဒ္ဓဘာသာမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဆိုပြီး အဆင့်လေးဆင့်ရှိပါတယ်။ အဲဒီအဆင့်မှာ မင်းတို့ ဆရာမတို့က သောတာပန်တောင်မဖြစ်သေးတော့ သားသမီး၊ ဇနီးမယား၊ လင်ခင်ပွန်း စတဲ့ တိုက်တာအိမ်ခြေတို့ကိုပါ မပစ်နိုင်သေးတာ အမှန်ပါ။ ဒီတော့ မပစ်နိုင်သေးလို့ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမ၊ ဥစ္စာပစ္စည်းတွေကိုပါ ၅၂၈ မေတ္တာမျိုးနဲ့ ချစ်ရဦးမှာပါ။ ယုတ်စွအဆုံး အိမ်မှာရှိတဲ့ အိမ်အကူတွေကိုပါ ချစ်ရပါ့မယ်။ အိမ်အကူကို မကျေနပ်လို့ ရေနွေးပူနဲ့လောင်း၊ လျှပ်စစ်နဲ့တို့ဆိုတာမျိုး မလုပ်သင့်ပါ။ သံသရာဆိုတာ အရှည်ကြီး။ ကိုယ်က အိမ်အကူ ပြန်ဖြစ်တဲ့အခါ ကိုယ်ကပြန်ခံရတတ်တယ်။ ၅၂၈ မေတ္တာမျိုးနဲ့တော့ ချစ်သွားနိုင်ပါစေ။

၇။ လူဆိုတာ မိတ်ဆွေကို ရွေးပေါင်းရမယ်။ အိမ်နီးချင်းကို ရွေးခွင့်မရှိပါ။ အရှေ့အိမ်၊ အနောက်အိမ်၊ တောင်အိမ်၊ မြောက်အိမ် အိမ်တိုင်းနဲ့ သင့်မြတ်အောင်နေရမယ်။ သူတို့က အရက်ပဲ ရောင်းရောင်း၊ ဖဲဝိုင်းပဲလုပ်လုပ် သင့်အောင်ပေါင်းရမယ်။ မချစ်သော်လည်း အောင့်ကာနမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူရမယ်။

၈။ နောက်ဆုံး တပည့်တို့အားလုံး ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ဆတက်ထမ်းပိုးတိုးလို့ ကြည်ညိုပွားများ အားထားနိုင်တဲ့ပုဂ္ဂိုလ်များဖြစ်ပြီး နောက်ဆုံးမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေလို့။ ။

## နိုင်ငံ့ဝန်ထမ်းအိမ်ရာများနှင့် အငြိမ်းစားဝန်ထမ်းအိမ်ရာများ၌ အခြေခံစားသုံးကုန်နှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

ပဲခူး ဇန်နဝါရီ ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများနှင့် အငြိမ်းစားဝန်ထမ်းအိမ်ရာများ၌ အပတ်စဉ် အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရှင်စောပုဝန်ထမ်းအိမ်ရာသို့ ရောက်ရှိရာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို လက်လီအဆင့်ဆင့်မရှိဘဲ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချနေမှုနှင့် နိုင်ငံ့ဝန်ထမ်းများက ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။ ထို့ပြင် ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များကို ရပ်ကွက်များအတွင်းသို့လည်း Mobile Shop များဖြင့် ရောင်းချပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဘုရင့်နောင် ဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများကို ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး အခြေခံစားသုံးကုန်များနှင့် အသား/ငါး/ဥ ပြတ်လပ်မှု မရှိစေရေးနှင့် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းမရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ဝက်သား၊ ကြက်သား၊ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင်လည်း ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများက တိုက်ရိုက်အရောင်းဆိုင်များတွင် အခြေခံစားသုံးကုန်နှင့် အသား/ငါး/ဥတို့အား ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှ စတင်၍ နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျွန်းစုမြို့နယ် မော်တုံးကြီး-တောင်သုံးလုံးကျေးရွာချင်းဆက်လမ်း ပြင်/ထိန်းလုပ်ငန်းဆောင်ရွက်

ထားဝယ် ဇန်နဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မော်တုံးကြီး-တောင်သုံးလုံးကျေးရွာချင်းဆက်လမ်း (၁၁/၀) မိုင် ပြင်/ထိန်း လုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)မှ ဒေသကြီးကြပ်ရေးမှူး ဦးစိုးမင်းအုန်းနှင့် မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု မော်တုံးကြီး-တောင်သုံးလုံး ကျေးရွာချင်းဆက်မြေသားလမ်း (၁၁/၀)မိုင် ပြင်/ထိန်း လုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

အဆိုပါ လမ်းပိုင်းကို ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ဒေသချိတ်ဆက်၍ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာ ငါးရွာနှင့် ကျေးရွာနေပြည်သူများ၏ ပညာရေး၊ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# မုံရွာမြို့၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ



မုံရွာ ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးသက်လေးဦး၊ မုံရွာခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းဝင်းနှင့် လူရည်ချွန်နှစ်ထပ်ကွမ်း မောင်ဟိန်းသူဝင်းတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ကရာတေးနှင့် မြန်မာ့သိုင်းသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၂)အခြေခံပညာကျောင်း၊ မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများရှိ သီးပင်၊ စားပင်၊ အရိပ်ရပင်နှင့် ပန်းအလှပင်ပြခန်း၊ သင်ထောက်ကူပြခန်း၊ သိပ္ပံလက်တွေ့ပြခန်း၊ ပန်းချီ/ထုံးခလေ့/ အိမ်တွင်းမှုပြခန်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ သလ္လာဝတီခန်းမ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဒုတိယပိုင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တိုးတက်ဖွံ့ဖြိုးရေးနှင့် စားရေရိက္ခာပြည့်ဝပြီး အေးချမ်းစွာဖြင့် နေထိုင်နိုင်သည့် ဂုဏ်ယူဖွယ်ကောင်းသော နိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းတည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ အနာဂတ်တွင် ဆက်လက်တာဝန်ယူကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကောင်းမွန်သည့်အမွေအနှစ်များ လက်ဆင့်ကမ်းနိုင်အောင် ဆတက်တိုး၍ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Clean and Green School ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ဒုတိယဆုရရှိသူနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) အွန်လိုင်းမှ တစ်ဆင့် ပုံပြောပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဒုတိယဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးပညာရေးမှူးတို့က ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးအဆင့် အင်္ဂလိပ်၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင်ဆုရရှိကြသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ပြခန်းပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုဆုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



မြိတ် ဇန်နဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထက်ကျေးရွာရှိ အထက(ပထက်)ကျောင်းတွင်ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ တက်ရောက်သည်။

## ဖဲကြိုးဖြတ်၍ ဖွင့်လှစ်

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းမှူးဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## အသိပညာပေးပြခန်းများ

ဆက်လက်၍ ကျောင်းဝင်းအတွင်း ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာယ/ဉာဏစွမ်းရည်ပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူ ၁၂၀၀ ကျော် ပါဝင်နွှဲပျော်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် သုတ/ရသစာအုပ်ပြပွဲ၊ စာပေအဆိုအမိန့်များ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ အခြေခံပညာကျောင်းများမှ ပြသထားသည့် အသိပညာပေးပြခန်းများကို ကြည့်ရှုအားပေးကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယနေ့အထိ အခြေခံပညာကျောင်း ၁၇ ကျောင်းတွင် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# အင်္ဂပူမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



အင်္ဂပူ ဇန်နဝါရီ ၆

ဧရာဝတီ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ ခရိုင်ပညာရေးမှူး ဦးမြင့်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှပသာယာ ပြည်မြန်မာ ဓာတ်ပုံပြခန်းနှင့် ဖွံ့ဖြိုးဝေစည်ဧရာဝတီ ပြိုင်ပွဲဝင်ဓာတ်ပုံပြခန်း၊ အခြေခံပညာဦးစီးဌာနမှ သင်ထောက်ကူပြခန်း၊ ထူးကြီး ကြီးပွားရေးစာကြည့်တိုက် ပြခန်း၊ ကြက်ခြေနီပြခန်းများနှင့် ပန်းချီပြခန်း၊ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် ခါးကွင်းလှည့်ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း ငုရွှေဝါခန်းမ၌ ပြုလုပ်ရာ အထက အင်္ဂပူမှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာစီစာကုံး၊ ကဗျာရွတ်၊ ပန်းချီ၊ ပုံပြင်ပြော၊ စကားရည်လု၊ ထုပ်ဆီးတိုးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ သီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အင်္ဂပူ(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီးပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအားကစားကွင်းတွင် ပညာရေးစုံညီပွဲတော်အလံကိုင်ပင်မစစ်ကြောင်း ဦးဆောင်ပြီး ခရိုင်အလိုက်စစ်ကြောင်းကြီးများက ကွင်းအတွင်းသို့ ချီတက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းအား အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်၊ တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်၊ တာဝန်ရှိသူများနှင့်အတူ စုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြန်မာ့ကျောင်းသီချင်းကို သံပြိုင်သီဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သီရိရတနာခန်းမ၌ တိုင်းဒေသကြီး ပညာရေးမှူးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများနှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ သင်တန်းများတက်ရောက်ပြီး အမြင့်ဆုံးဆုရရှိခဲ့ကြသည့် ဆရာ ဆရာမများ၊ ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများ၊ ကဏ္ဍမျိုးစုံတွင် ဆုရရှိသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ကြသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် တင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီဆိုတင်ဆက် ကပြကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဘုရင့်နောင်တိုးချဲ့ပန်းခြံ၌ ဈေးပွဲတော်၊ ပျော်ပွဲ ရှင်ပွဲများနှင့် တေးဂီတဖျော်ဖြေပွဲများကို ခုနစ်ရက်တိုင်တိုင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ နှစ်သစ်ကူးကာလနှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်သူများ အပန်းဖြေ ပျော်ရွှင်နိုင်စေရန် ရည်ရွယ်၍ ဈေးပွဲတော်နှင့်ပျော်ပွဲရွှင်ပွဲများ၊ တေးဂီတဖျော်ဖြေပွဲများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် ဘုရင့်နောင် တိုးချဲ့ပန်းခြံတွင် အထူး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။



ထိုဈေးပွဲတော်တွင် အပျော်စီးလှေ၊ ပျော့အိကလေးကစားကွင်း၊ ချားဝိုင်းများ၊ အပျော်တမ်းမြားပစ်၊ တာယာကွင်းဘောလုံး၊ သားရေကွင်းပစ်၊ ကလေးကစားစရာ အရုပ်ဆိုင်၊ ထမနဲ၊ ရေမုန့်၊ ဘူးသီးကြော်၊ အကင်စုံ၊ ထိုးမုန့်၊ မစ်ရှိတ်၊ ကောက်ညှင်းကျည်တောက်ဆိုင်များ၊ ဟာသလူရွှင်တော်များ၊ မျက်လှည့်၊ နိုင်ငံကျော်အကယ်ဒမီ ရုပ်ရှင်နှင့် သရုပ်ဆောင်များ၊ တေးသံရှင် အနုပညာရှင်များ၏ ဖျော်ဖြေ တင်ဆက်မှုတို့ဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ပွဲတော်ကာလအတွင်း လာရောက် အပန်းဖြေကြသော ပြည်သူများနှင့်အတူ မီးရှူးမီးပန်း အလှများကိုလည်း အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့် အဖွဲ့ဝင်များ၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ပစ်ဖောက်ခြင်းများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေပဲစိုက်ခင်းများ ယခုအခါ ပန်းပွင့်ချိန်၊ ဥချချိန်ကာလတွင် ရွက်လိပ်ရွက်ကပ်ပိုး၊ ခူများ ကျရောက်တတ်ကြောင်း၊ ရေလိုအပ်ချက်ရှိပါက ရေပေးဝေရန်လိုကြောင်း တောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄ – ၂၀၂၅ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၃၉ ဧက၊ နှမ်း ၁၄၀၃၆ ဧက၊ နေကြာ ၅၂၃ ဧက၊ ပန်းနှမ်း ၅၃၁၇ ဧက၊ မုန်ညင်း ၃၆၅ ဧက စုစုပေါင်း ဧက ၃၄၄၈၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ မျိုးဝင်းညို(ကျွန်းလှ)



# ငပုတောမြို့နယ်၌ မြို့နယ်အဆင့် အခြေခံရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ငပုတော ဇန်နဝါရီ ၆**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် မြို့နယ်အဆင့် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်က သင်တန်းဖွင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကို ဇန်နဝါရီ ၆ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သန္တေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်းသင်တန်းသား ၃၅ ဦးအား ကြံ့ခိုင်ရေးလေ့ကျင့်ခန်း၊ ကြိုးချည်နည်း၊ ရေတွင်းအသက်ကယ်ဆယ်ခြင်း၊ မျောက်ကူးနည်းစနစ်၊ ပက်လက်ကူးနည်းစနစ်၊ ရှဉ့်ကူးနည်းစနစ်၊ နှစ်ယောက်တွဲ ကြိုးဆင်းခြင်း၊ ဖောက်ထိုးဆင်းခြင်း၊ ခုန်ဆင်းနည်းစနစ်များ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းဖြတ်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပို့ချ

**မိုင်းဖြတ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကျိုင်းတုံတက္ကသိုလ်မှ ပါမောက္ခဆရာကြီး ဆရာမကြီးများ၏ ဆွေးနွေးပို့ချခြင်းကို ယနေ့နံနက်ပိုင်းက အထက(မိုင်းဖြတ်)ရှိ ရွှေလီဆောင်ခန်းမ၌ ဆွေးနွေးပို့ချသည်။

ထိုသို့ ဆွေးနွေးပို့ချရာတွင် ကျိုင်းတုံတက္ကသိုလ် သမိုင်းဌာနမှ ဒေါက်တာနွယ်နွယ်အောင် ဦးစီးသည့် ပါမောက္ခဆရာကြီး ဆရာမကြီး ၁၀ ဦးက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် မေးခွန်းပုံစံများ၊ စာဖြေရာတွင် မေးခွန်းများကို ဖတ်ရှု၍ စနစ်တကျဖြေဆိုနည်းများကို ဆွေးနွေးပို့ချသည်။

မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စာရင်းပေးသွင်းထားသူ အထက (မိုင်းဖြတ်)မှ ၆၁ ဦး၊ အထက (ဟိုနား)မှ ၁၃ ဦး၊ ပြင်ပဖြေ ငါးဦး စုစုပေါင်း ၇၉ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ရွှေကို(မိုင်းဖြတ်)



# ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်း နည်းပညာဝန်ထမ်း ငါးရက်သင်တန်း ဖွင့်ပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၆**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာ ဝန်ထမ်း ငါးရက်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘိုရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသူ သင်တန်းသား ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို လေလွင့်ဆုံးရှုံးမှုနှင့် အရည်အသွေးများ ပျက်စီးမှုလျော့နည်းစေရန်ကြာရှည်ခံအောင် စိုက်ပျိုးရိတ်သိမ်းပြီးနောက်ပိုင်း ထုတ်ကုန်များ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း နည်းပညာများနှင့် နည်းစနစ်များ လိုအပ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများအား အမှန်တကယ်အသုံးပြုနိုင်အောင် အသေအချာလေ့လာမှတ်သားကာ လက်တွေ့နယ်ပယ်တွင် လိုက်နာကျင့်သုံးကာ ထိရောက်စွာအသုံးချနိုင်သည်အထိ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းတွင် ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်း ၃၀ အား သင်တန်းပို့ချနေမှုများနှင့် သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရည်အသွေးပြည့်မီသော EV နည်းပညာရှင်များ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျာသည် TTTC (ဘယ်လင်း) နှင့် အင်းစိန် GTI တို့၌ ယနေ့ကျင်းပသော EV သင်တန်းဖွင့်ပွဲ အခမ်းအနားများကို တက်ရောက်၍ နိုင်ငံတော်ရှိ ယာဉ်များမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချမှုမှသည် ပြည်သူများအတွက် Sustainable Future ကို တည်ထောင်နိုင်ရန် အတွက် ဦးဆောင်ကော်မတီက EV ကဏ္ဍဖွံ့ဖြိုးရေးမူဝါဒများကို ၂၀၅၀ ပြည့်နှစ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က အားထားရသော အရည်အသွေးပြည့်မီသည့် EV နည်းပညာရှင်များ ဖြစ်စေရေး မဆုတ်မနစ် ကြိုးပမ်းလေ့ကျင့်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

နံနက်ပိုင်း၌ ဒုတိယဝန်ကြီးသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင် ကောလိပ် TTTC ဘယ်လင်းတွင် ကျင်းပသည့် EV ပြုပြင်ထိန်းသိမ်းမှု သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ ယင်းသင်တန်းသို့ အစိုးရဌာနဆိုင်ရာများမှ သင်တန်းသား လေးဦး၊ ပြင်ပ EV ကုမ္ပဏီများနှင့် EV Workshop များမှ သင်တန်းသား ၁၅ ဦး စုစုပေါင်း ၁၉ ဦး တက်ရောက်ကြပြီး EV အဆင့်မြင့် သင်ထောက်ကူပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊တစ်ရက်လျှင် ခြောက်နာရီနှုန်း၊ သင်တန်းချိန် နာရီ ၉၀ ဖြစ်သည်။

**တက်ရောက်**

မွန်းလွဲပိုင်း၌ ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ကျင်းပသည့် ကားဝပ်ရှော့များမှ စက်ပြင်ဆရာအတွက် ဖွင့်လှစ်သော EV နည်းပညာသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ အခမ်းအနားသို့ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာနအပါအဝင် ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသို့ အစိုးရဌာနများမှ သင်တန်းသား ၁၆ ဦး၊ ပြင်ပ EV ကုမ္ပဏီများနှင့် EV Workshop များမှ သင်တန်းသား ၁၈ ဦး စုစုပေါင်း သင်တန်းသား ၃၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်၊ တစ်ရက်လျှင် ခြောက်နာရီနှုန်းဖြင့် စုစုပေါင်း သင်တန်းချိန် နာရီ ၃၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသောင်ယံမြို့၌ တီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်း ဆောင်ရွက်

**ရွှေသောင်ယံ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီခွဲက ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အဆိုပါ ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေရာတွင် ရွှေသောင်ယံမြို့ သပေါ့ကန် ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ကျန်းမာရေးမှူး ဒေါ်အိအိခိုင် ဦးဆောင်၍ ကျန်းမာရေးဆရာမ ငါးဦးတို့က ဆောင်ရွက်ပေးကြသည်။

ကျောင်းသား ကျောင်းသူများအား တီဘီရောဂါနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ စစ်ဆေးခြင်းတို့ ပြုလုပ်ဆောင်ရွက်ရာ အထက ရွှေသောင်ယံမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများက လာရောက်၍ ရောဂါရှာဖွေစစ်ဆေးမှုခံယူခဲ့ကြကြောင်း သိရသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံ



**ဟိုပုံး ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက စတင်ကာ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့ကြက်ညှာ၊မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) စသည့်ရောဂါ ကာကွယ်ဆေးများကို တိုက်ကျွေးထိုးနှံပေးပြီး ကလေးငယ်များအား အပူချိန်တိုင်းတာပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ခြင်းကို လစဉ် လဆန်းပိုင်း ၆ ရက်နှင့် ၇ ရက် တို့တွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**

❖ **MFF ဖူဆယ်လိဂ်-၂ မှ**

Gold Dream အသင်း တစ်ဂိုးစီသရေ၊ Black Cross အသင်းနှင့် YCDC Marga Youth အသင်းတို့ နှစ်ဂိုးစီသရေ၊ KKY အသင်းနှင့် Maryar အသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၃)အပြီးတွင် Pacific Sun Far အသင်းက ခုနစ်မှတ်၊ TG United အသင်း နှင့် JZ Yangon အသင်းတို့က ခြောက်မှတ်စီ၊ KKY အသင်းနှင့် Gold Dream အသင်း တို့က ငါးမှတ်စီ၊ 7 Brother အသင်း၊ လက်ဝဲသုန္ဒရအသင်း၊ 7 Dragon အသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့က သုံးမှတ်စီ၊ YCDC Marga Youth အသင်း၊ Maryar အသင်းနှင့် Black Cross အသင်းတို့က တစ်မှတ်စီရရှိထားသည်။

**ကိုညီလေး၊ ဓာတ်ပုံ – MFF**



တိုင်းပြည်သာယာဝပြောဖို့
ငြိမ်းချမ်းရေးကို
တည်ဆောက်စို့

# ဝဥမျိုးစိတ်များနှင့် ကျန်းမာရေးအကျိုးသက်ရောက်မှုများ

**ဒေါက်တာလပြည့်ခင်**

**ဝဥ (သို့မဟုတ်) ဖျံ့ဥ**

ဝဥကို သိတဲ့သူရှိသလို မသိတဲ့သူတွေလည်းရှိနိုင်ပါတယ်။ ဝဥကို နောက်တစ်မျိုးအနေနဲ့ ဖျံ့ဥလို့လည်း ခေါ်ကြပါတယ်။ ဝဥဆိုတာက အာဟာရပြည့်ဝတဲ့ သစ်ဥသစ်ဖုတစ်မျိုးပါ။ ဝဥကို အင်္ဂလိပ်လို Elephant Foot Yam (သို့) White Yam (သို့) Telingo လို့ခေါ်ပါတယ်။ ကမ္ဘာပေါ်မှာ ဝဥမျိုးစိတ်ပေါင်း ၁၃၀ ခန့်ရှိတဲ့အနက် ၁၂ မျိုးခန့်သာ ဖော်ထုတ်သုံးစွဲလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ဖော်ထုတ်သုံးစွဲနေတဲ့ ဝဥအပင်မျိုးစိတ်ပေါင်း ၁၂ မျိုးထဲက A.conjak မျိုးနဲ့ A.campanulatus မျိုးစိတ်နှစ်မျိုးက အာနိသင်အကောင်းဆုံးဖြစ်လို့ နိုင်ငံခြားမှ ဝယ်ယူလိုတဲ့မျိုးတွေ ဖြစ်ပါတယ်။ ဝဥပင်က ဥရှိတဲ့အပင်မျိုးဖြစ်ပြီး အမြင့် နှစ်ပေမှ လေးပေခန့်ရှိပါတယ်။ မိုးရွာတာနဲ့တစ်ပြိုင်နက် အစို့လေးတွေထွက်လာပါတယ်။ အပင်ပေါက်ပြီး ထွက်လာတဲ့ရွက်လွှဲက ရွက်ပြားကျယ်ပြန့်ပြီး အလျား တစ်ပေမှ သုံးပေထိရှိပါတယ်။ အပွင့်ကလေးတွေက အလွန်သေးငယ်ပြီး ၁၀ လက်မကနေ ၁၂ လက်မအရှည်ရှိတဲ့ ပွင့်ခိုင်ရိုးတံပေါ်မှာ စီတန်းပြီးပွင့်ကြပါတယ်။ ပွင့်ခိုင်ရိုးတံပေါ်မှာ ပြောင်းဖူးနဲ့ပုံစံတူတဲ့ အသီးလေးတွေ စီတန်းပြွတ်သိပ်ပြီးသီးပါတယ်။ အသီးနုတုန်းမှာ အစိမ်းရောင်ဖြစ်ပြီး အသီးတွေရင့်မှည့်လာတဲ့အခါ လိမ္မော်နီရောင်ကို ပြောင်းသွားပါတယ်။

**Conjak ဝဥမျိုးစိတ်နဲ့ Campanulatus ဝဥမျိုးစိတ်**

ပြည်ပနိုင်ငံတွေက အကြိုက်များတဲ့ Conjak ဝဥမျိုးစိတ်နဲ့ Campanulatus ဝဥမျိုးစိတ်တွေက အခြားဝဥမျိုးစိတ်တွေနဲ့ မတူတဲ့ အချက်တွေရှိပါတယ်။ Conjak မျိုးက ရိုးတံစိမ်းပြီး ဥရဲ့အရောင်က ပန်းရောင်အနုဖြစ်ပါတယ်။ အစေ့အိမ်တွေ ပိုမိုများပြားစွာပါဝင်ပြီး အရွက်မှာ ဝဥပုံလိုမျိုးပွားဖို့ ဥငယ်ကလေး(ဂလင်း)တွေ ရှိပါတယ်။ Campanulatus မျိုးရဲ့ရိုးတံက ချောမွတ်ပြီး အဖြူကွက်လေးတွေ အနည်းငယ်ပါပါတယ်။ Conjak မျိုးက အေးမြတဲ့ရာသီဥတုရှိတဲ့ တောင်ပေါ်ဒေသတွေမှာ ပေါက်ရောက်ရှင်သန်ပြီး Campanulatus မျိုးကတော့ ရာသီဥတုမျှတမှုရှိတဲ့ တောင်ပေါ်ဒေသတွေမှာ ပေါက်ရောက်ပါတယ်။ ဝဥက သဘာဝအလျောက်ပေါက်ရောက်ပြီး အစေ့ကမျိုးပွားနိုင်သလို ဥကဖြာထွက်တဲ့ အမြစ်တွေကနေဖြစ်ပေါ်လာတဲ့ ဥလေးတွေကနေလည်း မျိုးပြန့်ပွားကြပါတယ်။

**ဝဥထွက်တဲ့အရပ်နဲ့ ဝဥအမျိုးအစားများ**

ဝဥရဲ့ မူရင်းဒေသက အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်းအာရှနဲ့ အာဖရိကဒေသတွေမှာ ဝဥအပင်တွေ သဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းမှုရှိကာ အအေးပိုင်းဒေသတွေနဲ့ တောင်ပေါ်ဒေသတွေမှာဆိုရင် စနစ်တကျ စိုက်ပျိုးဖြစ်ထွန်းမှုရှိတဲ့ အပင်တစ်မျိုးဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ရဲ့ တချို့ဒေသတွေမှာ သဘာဝပေါက်ပင်အဖြစ် ပေါက်ရောက်ပါတယ်။ စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေတိုးစေတဲ့ Aracac (ခေါ်) ပိန်းမျိုးရင်းတစ်မျိုးဖြစ်တဲ့ ဝဥပင်တွေကို စီးပွားဖြစ် စိုက်ပျိုးလေ့ရှိကြပါတယ်။ ဝဥရဲ့ အတွင်းသားက အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်နဲ့ အနီရောင်ဆိုပြီးတော့ အရောင်လေးမျိုးတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်ကထွက်တဲ့ ဝဥက အဝါရောင်မျိုးဖြစ်ပြီး ချင်းပြည်နယ်က ဝဥက ပန်းရောင်မျိုး၊ ပဲခူးရိုးမက ဝဥအနီမျိုးနဲ့ ဝဥအဖြူမျိုးတို့ထွက်ကြပါတယ်။ ဝဥအဖြူမျိုးနဲ့ အဝါမျိုးက ချက်ချင်းချက်ပြုတ်စားနိုင်ပြီး ဝဥအနီမျိုးက ယားယံတတ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဈေးကွက်မှာ ဝဥအနီရောင်က ပထမတန်းစား၊ အဝါရောင်က ဒုတိယတန်းစားနဲ့ အဖြူရောင်က တတိယတန်းစားအနေနဲ့ အရောင်းအဝယ်ပြုကြတယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တို့မှာ ဝဥကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့မှာလည်း ဝဥတွေ အများအပြားစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိတာ တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ကလေး၊ ဖောင်းပြင်မြို့တို့ရဲ့ တောတောင်တွေမှာ အဖြူရောင်မျိုးစိတ်တွေကို သဘာဝပေါက်ပင်အဖြစ် တွေ့ရှိရပါတယ်။ စိုက်ပျိုးသူအများစုက ချင်းပြည်နယ်ကထွက်တဲ့ ပန်းရောင်ဝဥမျိုးကို ပိုကြိုက်ကြပါတယ်။ ချင်းပြည်နယ်မှာစိုက်တဲ့ ဝဥရဲ့အားသာချက်က





ဥကြီးထွားနှုန်းကောင်းပြီး အရွက်ပေါ်မှာ အသီးသီးပါတယ်။

**ဝဥစိုက်ပျိုးနည်း**

ဝဥပင်တွေကို မိုးဦးကျကာလ ဇွန်လမှာ စတင်စိုက်ပျိုးလေ့ရှိပြီး ဇူလိုင်လမှာ အရွက်ဖားဖားနဲ့ အပင်တွေကြီးထွား ဖြစ်ထွန်းလာပါတယ်။ စက်တင်ဘာလလောက်မှာ ပင်စည်အရင်းဘက် မြေကြီးအတွင်းမှာ ဝဥတွေကြီးထွားလာပြီး အောက်တိုဘာလပိုင်းရောက်ရင် အရွက်တွေပေါ်မှာ မျိုးဥသီးတဲ့ အဖြူရောင်ဝဥနဲ့ ဖူးတံထွက်ပြီး အသီးပန်းခိုင်သီးတဲ့ အဝါရောင်ဝဥတွေ ထွက်လာပါတယ်။ အရွက်တွေပေါ်ကထွက်တဲ့ မျိုးဥတွေကို စနစ်တကျခူးဆွတ်ပြီး စိုက်ပျိုးဖို့မျိုးဥတွေအဖြစ် ပြန်လည်ရောင်းချကြပါတယ်။ အဝါရောင်ဝဥက ထွက်လာတဲ့ ဖူးတံတွေက နိုဝင်ဘာလကုန်ပိုင်းလောက်မှာ အသီးရင့်လာပြီး နီရဲနေတဲ့အသီးတွေ မြေပြင်ပေါ်ကြွေကျပြီးတော့ မိုးဦးကျကာလမှာ အပင်တွေ ပေါက်ရောက်တတ်တာကြောင့် မျိုးဆက်ပျံ့နှံ့လွယ်ပါတယ်။ ပင်စည်နဲ့အရွက်တွေ အဝါရောင်သန်းပြီး အရွက်တွေညှိုးကျတဲ့ နိုဝင်ဘာလကုန်ပိုင်းနဲ့ ဒီဇင်ဘာလကိုရောက်ရင် ဝဥတွေကို စတင်တူးဖော်နိုင်ပါတယ်။

ဝဥစိုက်ပျိုးတဲ့အခါ မျိုးရွေးချယ်မှု မှန်ကန်ဖို့လိုပါတယ်။ ဝဥက မြေပွကိုကြိုက်ပါတယ်။ ဝဥပင်ရအောင် ဥကနေလည်း စိုက်လို့ရပြီး အရွက်နဲ့ ဖူးတံကလည်းစိုက်လို့ရပါတယ်။ ဥကိုစိုက်ရင် သုံးဆကနေ ၁၂ ဆထိကြီးထွားနိုင်ပါတယ်။ ဖိအားနည်းတဲ့ ဆင်ခြေလျှောတောင်စောင်းမြေတွေမှာ သုံးပေကနေ လေးပေတန်းခြားစိုက်ပျိုးကြပါတယ်။ အပင်အရေအတွက်အနေနဲ့ တစ်ဧကကိုတန်းကြားလေးပေ၊ ပင်ကြားနှစ်ပေ စိုက်ပျိုးပြီး ဝဥအပင် ၅၅၀၀ ကျော်ဝင်ဆံ့အောင် စိုက်ပျိုးသင့်ပါတယ်။ ဝဥကိုစိုက်ပျိုးပြီး နှစ်ဝက်အတွင်းမှာ သတ်မှတ်အရွယ်အစားရောက်ရင် တူးဖော်ကြရပါတယ်။ ဝဥကိုတူးဖော်နိုင်တဲ့ သတ်မှတ်အရွယ်အစားက အမြင့် ခြောက်လက်မကနေ ရှစ်လက်မအတွင်း၊ အချင်း ၁၀ လက်မနဲ့ လုံးပတ်အရွယ်အစားက နှစ်ပေ ခြောက်လက်မကနေ သုံးပေအထိရှိနိုင်ပါတယ်။

ဝဥပင်တွေကို စိုက်ပျိုးတဲ့အခါ ရေမဝပ်စေဖို့ သတိပြုရပါတယ်။ စိုက်ခင်းမှာ အရိပ်မရှိရင် ၆၀ ရာခိုင်နှုန်း အရိပ်ရအောင် ပြုလုပ်ပေးသင့်ပြီး အရိပ်ကြိုက်တဲ့အပင်မျိုးဖြစ်ပေမယ့် အရိပ်ထူရင်လည်း အလင်းရရှိတဲ့ဘက်ကို အပင်တွေယိုင်သွားတတ်ပါတယ်။ ဝဥ တစ်ဧကစိုက်ပျိုးရင် ငွေကျပ်သုံးသိန်းကနေ ငါးသိန်းအထိ ကုန်ကျပြီး အထွက်အနေနဲ့ တစ်နှစ်ပျမ်းမျှ ဝဥအစို ပိဿာ ၃၀၀၀ ကနေ ၅၀၀၀ ထိ ထွက်ရှိပါတယ်။ တူးဖော်ရရှိတဲ့ ဝဥတွေက အရွယ်အစားအမျိုးမျိုးရှိပြီး အကြီးဆုံးအရွယ်အစားအနေနဲ့ တစ်ပိဿာခန့်ရှိတဲ့ ဝဥတွေလည်း ရရှိတတ်ပါတယ်။ တူးဖော်ပြီးတဲ့ ဝဥတွေကို အရိပ်ရပြီး လေဝင်လေထွက်ကောင်းတဲ့နေရာမှာ ထားသိုရပါတယ်။ တချို့ဒေသခံတွေက ဝဥတွေကို တောတောင်တွေက တူးဖော်ယူလာပြီး ဒိုင်တွေကို သွားရောင်းလေ့ရှိပါတယ်။ ဝဥပင်တွေက အရင်ကတောတောင်တွေထဲမှာ သဘာဝ ပေါက်ပင်တွေအနေနဲ့သာ ရှိခဲ့ရာကနေ ယခုအခါ စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေရရှိနေတာကြောင့် မိမိတို့ရဲ့ အိမ်ခြံဝင်းတွေထဲမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုတွေ ပိုမိုများပြားလာကြပြီဖြစ်ပါတယ်။ ဒ့ါပြင် အဲဒီဝဥအစိုတွေကို အခြောက်ပြုလုပ်ကာ ပြည်ပကို တွင်တွင်ကျယ်ကျယ်တင်ပို့ပြီး နိုင်ငံခြားဝင်ငွေတိုးစေတဲ့အပင်ဖြစ်တာကြောင့်လည်း ဝဥတွေကို စနစ်တကျနဲ့ အများအပြား စိုက်ပျိုးထုတ်လုပ်လာကြတာဖြစ်ပါတယ်။ ချင်းပြည်နယ်ကထွက်တဲ့ ဝဥကုန်ကြမ်းနဲ့ ကုန်ချောတွေကို မန္တလေးပွဲရုံဈေးကွက်နဲ့ ဝဥစက်ရုံတွေကို အများဆုံးတင်ပို့ရောင်းချလျက်ရှိပါတယ်။

**ဝဥအသုံးပြုနည်း**

ချင်းပြည်နယ်ကထွက်တဲ့ ဝဥအမျိုးအစားက အကောင်းဆုံးဖြစ်တယ်လို့ အများက ထောက်ခံထားကြပါတယ်။ ချင်းပြည်နယ်ထွက် အကောင်းဆုံး ဝဥတွေကို စားသောက်ကုန်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ မျက်နှာပေါင်းတင်ဆေးများ၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းနဲ့ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်း စတဲ့လုပ်ငန်းတွေမှာ စက်မှုကုန်ကြမ်းသီးနှံအဖြစ် အသုံးပြုကြတဲ့အပြင် တိရစ္ဆာန်အစာအဖြစ်လည်း စိုက်ပျိုးထုတ်လုပ်ပြီး အသုံးပြုကြပါတယ်။

**ဝဥ ပြည်ပတင်ပို့မှုအခြေအနေ**

ဝဥခြောက်တွေ ပြည်ပကိုတင်ပို့ရောင်းချနိုင်ဖို့ ချင်းပြည်နယ်ရဲ့အကြီးဆုံး ဝဥ အခြောက်ခံစက်ရုံကြီးကို ၂၀၁၉ ခုနှစ်က ချင်းပြည်နယ် မင်းတပ်မြို့က ထင်းချောင်းအနီးမှာ ဖွင့်လှစ်ခဲ့ပါတယ်။ မင်းတပ်မြို့၊ မတူပီမြို့နဲ့ ကန်ပက်လက်မြို့တို့မှာ ဝဥစိုက်တောင်သူ ၈၀၀ ကျော်ရှိပြီး အသင်းအဖွဲ့တွေလည်း ဖွဲ့စည်းထားပါတယ်။ အားသာချက်တစ်ခုအနေနဲ့ ဝဥတွေ ပြည်ပကို တင်ပို့ရောင်းချမယ်ဆိုရင် အခွန်ကင်းလွတ်ခွင့်ပြုထားပါတယ်။ ဝဥကိုရောင်းချတဲ့နေရာမှာလည်း လိုက်လံရောင်းချစရာမလိုဘဲ ဝယ်ယူသူတွေက အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူကြတာဖြစ်လို့ မျက်နှာပန်းလှပြီး ရောင်းတမ်းဝင်တဲ့အပင်မျိုးဖြစ်ပါတယ်။

ချင်းပြည်နယ် မင်းတပ်မြို့နဲ့ ကန်ပက်လက်မြို့မှာစိုက်တဲ့ ဝဥတွေက အရည်အသွေးပိုကောင်းတာကြောင့် ၂၀၁၈ ခုနှစ်ကစပြီး ဂျပန်နိုင်ငံက ဝယ်ယူတယ်လို့ သိရပါတယ်။ ဝဥခြောက်တွေကို ဂျပန်နိုင်ငံ၊ လာအိုနိုင်ငံနဲ့ တရုတ်နိုင်ငံတွေကို တင်ပို့ရောင်းချပါတယ်။ **စာမျက်နှာ ၁၂သို့** ☆

> **❛ ဝဥမှာ ပေါကြွယ်ဝစွာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ကိုယ်တွင်းက အဆိပ်အတောက်တွေကို ထိထိရောက်ရောက် ဖယ်ရှားပေးနိုင်တဲ့အပြင် ကိုယ်တွင်းရောင်ရမ်းမှုကို သက်သာစေပြီး သွေးကြောတွေကိုလည်း ကျန်းမာစေနိုင်ပါတယ်။ မျက်စိကျန်းမာရေးကို အထောက်အကူပြုကာ သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ကို လျှော့ချပေးလို့ ဆီးချိုရောဂါသည်တွေ ထမင်းအစားထိုးစားသုံးနိုင်ပြီး သွေးလည်ပတ်မှု ကောင်းမွန်စေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့ အစာခြေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိ ❜**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်သို့ တက်ရောက်



**မြစ်ကြီးနား ဇန်နဝါရီ ၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကချင်ပြည်နယ်၏ ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့် အခြေခံပညာကျောင်းပေါင်းစုံနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ စုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျောင်းဘောလုံးကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများပါဝင်သည့် စစ်ကြောင်းမှူး ဦးဆောင်၍ ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်ပေါများရန်လိုအပ်သကဲ့သို့ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရန် အခြေခံပညာရေး အုတ်မြစ်ခိုင်မာရေးသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ မိဘ၊ ဆရာ ပူးပေါင်း ကလေးပညာကောင်းဟူသော ဆောင်ပုဒ်နှင့်အညီ မိဘနှင့် ဆရာ ဆရာမများ တွေ့ဆုံဆွေးနွေး၍ ကျောင်းသားကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘက်စုံထူးချွန်သူများ ပေါ်ပေါက်လာစေရန်၊ ပညာရေးစနစ်၏ သဘောတရားများကို ပိုမိုသိရှိနားလည်စေရန် ပညာရေးစုံညီပွဲတော်ကို ယခုလို သိုက်သိုက်ဝန်းဝန်း ကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ပညာရေးမှူး ဦးစိုးသိုက်တို့က ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်အား စစ်ကြောင်းကြီး လေးကြောင်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် ဖျော်ဖြေရေး အစီအစဉ်ကို ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာမ ၁၀၀၊ ကျောင်းသားမိဘ ၁၀၀ တို့ပါဝင်သည့် အကအဖွဲ့က ပညာရေးစုံညီသီချင်းဖြင့် သရုပ်ဖော်ကပြဖျော်ဖြေခြင်း၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ၌ ငွေတံဆိပ်၊ ကြေးတံဆိပ် ရရှိခဲ့သော ကျောင်းသား ကျောင်းသူများက ဝူရှူးအားကစား စွမ်းရည်ပြသခြင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲတွင် ဆုရဘင်ခရာအဖွဲ့များက တီးမှုတ်သရုပ်ပြဖျော်ဖြေခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စုံညီပွဲတော်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ဖျော်ဖြေရေး အကအဖွဲ့များအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတော်အဆင့်ဆုရရှိသူများ၊ ပြည်နယ်အဆင့် အကပြိုင်ပွဲတွင်ဆုရ အကအဖွဲ့များ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဆုရရှိခဲ့သော အားကစားထူးချွန်သူများ၊ ဘာသာရပ်အလိုက် စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဂုဏ်ပြုဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့၊ တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား။

## လေပြင်းဒဏ်အတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ


၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

☆ စာမျက်နှာ ၁၁ မှ

ဂျပန်ကိုတင်ပို့တဲ့ ဝဥခြောက်တွေကို နေလှန်းခြင်းနည်းနဲ့ အခြောက်ပြုလုပ်တင်ပို့ပြီး တရုတ်နိုင်ငံကိုတင်ပို့တဲ့ ဝဥခြောက်တွေကိုတော့ ဖိုတွေမှာမီးငွေ့ငွေ့နဲ့ အခြောက်ပြုလုပ်ပြီး တင်ပို့ပေးတယ်လို့ သိရပါတယ်။ နေလှန်းနည်းက အရောင်အဆင်းမလှဘဲ ဖိုတွေမှာမီးတင်ပြီး အခြောက်ပြုလုပ်တဲ့နည်းက အရောင်အသွေးပိုမိုလှပပါတယ်။

**ဝဥရဲ့ ကျန်းမာရေးအကျိုးသက်ရောက်မှုများ**

ဝဥမှာ ကစီဓာတ်၊ ရေဓာတ်၊ အဆီဓာတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဇင့်၊ ကော့ပါး၊ ဆီလီနီယမ် စတဲ့ အာဟာရဓာတ်မျိုးစုံနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတို့ ပါဝင်ပါတယ်။ ဝဥစားသုံးခြင်းကို ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ပရိုတင်းပါဝင်နေတဲ့ ဝဥက ကိုယ်ခံအားကောင်းစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာစေဖို့ ထောက်ကူပေးပါတယ်။ ဝဥမှာ အမျှင်ဓာတ်ပါဝင်မှုများတာကြောင့် အစာခြေဖျက်မှုအားကောင်းပြီး ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ အာရုံစူးစိုက်မှုကိုကောင်းစေသလို ဦးနှောက်ကျန်းမာစေဖို့ ထောက်ကူပေးနိုင်ပါတယ်။ ဝဥမှာ ပါဝင်နေတဲ့ ဗီတာမင်စီကြောင့် အသားအရေကို ကြည်လင်စေသလို အရေးအကြောင်းတွေကို သက်သာစေပြီး အရွယ်တင်နုပျိုစေပါတယ်။

ဝဥမှာ ပေါကြွယ်ဝစွာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ကိုယ်တွင်းကအဆိပ်အတောက်တွေကို ထိထိရောက်ရောက် ဖယ်ရှားပေးနိုင်တဲ့အပြင် ကိုယ်တွင်းရောင်ရမ်းမှုကို သက်သာစေပြီး သွေးကြောတွေကိုလည်း ကျန်းမာစေနိုင်ပါတယ်။ မျက်စိကျန်းမာရေးကို အထောက်အကူပြုကာ သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ကို လျှော့ချပေးလို့ ဆီးချိုရောဂါသည်တွေ ထမင်းအစားထိုးစားသုံးနိုင်ပြီး သွေးလည်ပတ်မှုကောင်းမွန်စေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့ အစာခြေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ ကိုယ်တွင်းက ကိုလက်စထရောပမာဏကိုနည်းစေလို့ နှလုံးရောဂါနဲ့ လေဖြတ်တာကို ကာကွယ်နိုင်ပါတယ်။ အမျှင်ဓာတ်ကြွယ်ဝတဲ့ ဝဥက အစာအိမ်ကိုကျန်းမာစေသလို အူတွေရဲ့လှုပ်ရှားမှုကို ကောင်းမွန်စေပြီး အာဟာရစုပ်ယူနိုင်စွမ်းကောင်းစေဖို့နဲ့ ဝမ်းမှန်စေဖို့ပါ ထောက်ကူပေးနိုင်ပါတယ်။





လက်ရှိအခြေအနေမှာ ဝဥက ဈေးကွက်ဝယ်လိုအားများနေတယ်လို့သိရပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ကေတွေ တိုးမြှင့်စိုက်ပျိုးပြီး အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) တစ်ခုအနေနဲ့ ကျန်းမာရေးအကျိုးကျေးဇူး များစွာရရှိစေတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုးထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ဖြန့်ဖြူးရောင်းချပါက အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# မလေးရှားနိုင်ငံ၌ ၂၀၂၆ ခုနှစ် မလေးရှား ခရီးသွားလာရေးလှုပ်ရှားမှုအစီအစဉ် စတင်ဆောင်ရွက်



**ကွာလာလမ်ပူ ဇန်နဝါရီ ၆**

၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံ ခရီးသွားလာရေး လှုပ်ရှားမှုအစီအစဉ်စတင်ဆောင်ရွက်သည့် အခမ်းအနားကို ဇန်နဝါရီ ၆ ရက်တွင် ဝန်ကြီးချုပ် အဏ္ဏဝါအီဗရာဟင် တက်ရောက်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ပြောကြား**

ယခုခရီးသွားလာရေးအစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်းသည် မလေးရှားနိုင်ငံအား ကမ္ဘာ့အဆင့်မီခရီးသွားနေရာတစ်ခု ဖြစ်လာစေရေးအတွက် အောင်မြင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ဝန်ကြီးချုပ် အဏ္ဏဝါ အီဗရာဟင်က ဇန်နဝါရီ ၆ ရက်တွင် ညွှန်ကြားခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း နိုင်ငံတကာခရီးသွားအများအပြားလာရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ၂၀၂၆ ခုနှစ် မလေးရှားနိုင်ငံ ခရီးသွားလာရေးလှုပ်ရှားမှုအစီအစဉ် စတင်ဆောင်ရွက်သည့် အခမ်းအနားတွင် ၎င်းက ထပ်လောင်းညွှန်ကြားခဲ့သည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံက တာဝန်ယူဆောင်ရွက်သည့် ယခုနှစ်နှင့် ခရီးသွားလုပ်ငန်းအတွက်ဆောင်ရွက်မည့် လာမည့်ရှေ့နှစ်များတွင် နိုင်ငံအား ခရီးသွားများလာရောက်မည့် ထိပ်တန်းနေရာဒေသတစ်ခု ဖြစ်လာစေရေးအတွက် ခရီးသွားလာရေးလုပ်ငန်းမြှင့်တင်သည့် လုပ်ငန်းများကို ပြည့်စုံစွာဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အားထည့်ကြိုးပမ်းဆောင်ရွက်ကြရန် ဝန်ကြီးဌာနများအား ၎င်းက တိုက်တွန်းခဲ့သည်။ နိုင်ငံအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုကို အောင်မြင်စွာ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းမှ ဝင်ရောက်ရန်လျာထားသည့် ဝင်ငွေ ရင်းဂစ် ၁၄၇ ဒသမ ၁ ဘီလီယံရရှိလာနိုင်ပြီး ခရီးသွား ၃၅ ဒသမ ၆ သန်း ဝင်ရောက်လာမည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရုတ်နိုင်ငံက လူငယ်သိပ္ပံပညာရှင်များ ထပ်မံမွေးထုတ်ရေး စီစဉ်ဆောင်ရွက်

**ပေကျင်း ဇန်နဝါရီ ၆**

တရုတ်နိုင်ငံတွင် ပါရဂူဘွဲ့အတွက် သင်တန်းတက်ရောက်မည့် ကျောင်းသားများကို အလားအလာရှိသော လူငယ်သိပ္ပံပညာရှင်များ ဖြစ်လာစေရေးအတွက် အစိုးရကျောထောက်နောက်ခံပြု နှစ်နှစ်စီမံကိန်းတွင် လေ့ကျင့်ပေးရန် ရွေးချယ်လိုက်ကြောင်း တရုတ်သိပ္ပံနှင့်နည်းပညာအသင်းက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

ယခုအစီအစဉ်သို့ လျှောက်ထားသူများသည် ၎င်းတို့၏ ပညာရပ်ဆိုင်ရာ ရှုထောင့်များ ကျယ်ပြန့်စေရန်၊ ပညာရေးဆိုင်ရာ အတွေ့အကြုံများ မြှင့်တင်ရန်နှင့် ပညာလေ့လာသင်ကြားရေးဆိုင်ရာ တိုးတက်မှုအရှိန်အဟုန်မြှင့်တင်ရန်အတွက် အထူးပြုလေ့ကျင့်မှုများကို လက်ခံရရှိမည်ဖြစ်သည်။ လေ့ကျင့်ရေးကာလကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ် ဒီဇင်ဘာလအထိ သတ်မှတ်ထားသည်။

၎င်းအသင်း၏အဆိုအရ ယခုပရောဂျက်သည် သိပ္ပံပညာ၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေးသိပ္ပံ၊ ဆေးတက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများက အသက် ၃၀ နှစ်အောက် ပါရဂူဘွဲ့ရရှိရန် တက်ရောက်သူများအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

၎င်းပါရဂူဘွဲ့ရသူများအား အဆင့်မြင့်ပညာရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်၊ အရည်အသွေးမြင့် သုတေသနစာတမ်းများပြုစုခြင်းနှင့် နိုင်ငံရပ်ခြားပညာရပ်လေ့လာဖလှယ်မှုများတွင် ပါဝင်ရန် လေ့ကျင့်ပေးမည်ဖြစ်ပြီး ၎င်းပါရဂူဘွဲ့သင်တန်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး ခွဲဝေပေးမည်ဖြစ်သည်။

သင်တန်းသားတစ်ဦးစီအတွက် ယွမ် လေးသောင်းအထိ ငွေကြေးပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**

# ယီမင်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုများကို ရှုတ်ချကြောင်း အီရန်ပြောကြား



**တီဟီရန် ဇန်နဝါရီ ၆**

ယီမင်နိုင်ငံ မြောက်ပိုင်းတွင် ဆောင်ရွက်သည့် အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များ၏ လေကြောင်း တိုက်ခိုက်မှုများကို ရှုတ်ချကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေဗဂါဒီက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန်၊ ဗြိတိန်နှင့် အစ္စရေးတပ်ဖွဲ့တို့က ယီမင်နိုင်ငံအား ကျူးကျော်တိုက်ခိုက်နေခြင်းသည် ယီမင်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို လေးစားခြင်းမရှိဘဲ ဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်နေခြင်းဖြစ်ကြောင်းနှင့် ယင်းကဲ့သို့သောဆောင်ရွက်ချက်များကြောင့် ဒေသတွင်း မတည်ငြိမ်မှုများဖြစ်လာနေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယီမင်နိုင်ငံမြောက်ပိုင်း ဆာဒါဒေသသို့ ဇန်နဝါရီ ၅ ရက်တွင် အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်ခဲ့ရာ ၎င်းတိုက်ခိုက်မှုအတွင်း ဟူသီစစ်သွေးကြွအဖွဲ့၏ ပစ်မှတ်များကို ထိမှန်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ဘလူချီစတန်လွတ်မြောက်ရေးတပ်ဖွဲ့က ခရီးသွားယာဉ်တန်းတစ်ခုကို ဇန်နဝါရီ ၄ ရက်က တိုက်ခိုက်ခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့သော အကြမ်းဖက်မှုများကို တိုက်ဖျက်ရမည်ဟု ဗဂါဒီက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ အစိုးရ၏ ဦးဆောင်မှုဖြင့် အခမဲ့ အစားအစာကျွေးမွေးသည့်အစီအစဉ် စတင်ဆောင်ရွက်

**ဂျကာတာ ဇန်နဝါရီ ၆**

အင်ဒိုနီးရှားနိုင်ငံတွင် အစိုးရ၏ ဦးဆောင်မှုဖြင့် အခမဲ့ အစားအစာ ကျွေးမွေးသည့် အစီအစဉ်ကို ယနေ့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။



၎င်းအစီအစဉ်ကို အဆင့်လိုက် ဆောင်ရွက်မည်ဖြစ်ပြီး ဇန်နဝါရီလမှ ဧပြီလအတွင်း နိုင်ငံသား သုံးသန်းအား အစားအစာ အခမဲ့ ကျွေးမွေးမည်ဟု အမျိုးသားအာဟာရဆိုင်ရာအေဂျင်စီ တာဝန်ရှိသူ ဒါဒန်ဟင်ဒါယာနာက ပြောကြားသည်။

ပထမအဆင့်တွင် နိုင်ငံအတွင်းရှိ ဒေသ ၂၆ ခုမှ ကျောင်းသားများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအား ကျွေးမွေးမည်ဟု သိရသည်။

လက်ရှိအချိန်တွင် ၎င်းအစီအစဉ် ဆောင်ရွက်ရန်အတွက် စားဖိုဆောင် ၁၉၀ က လုပ်ငန်းဆောင်ရွက်နေပြီး ယခုနှစ်ကုန်တွင် စားဖိုဆောင် ၅၀၀၀ အထိ လုပ်ငန်းများ ဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# လာအိုနိုင်ငံ၌ ယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်

**ဗီယင်ကျန်း ဇန်နဝါရီ ၆**

လာအိုနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားသည့် လာအိုယဉ်ကျေးမှုပြတိုက်ကို ဇန်နဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နိုင်ငံသားများနှင့် နိုင်ငံတကာမှ ခရီးသွားများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၎င်းပြတိုက်ဖွင့်ပွဲအခမ်းအနားသို့ လာအိုနိုင်ငံဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုံး တက်ရောက်ခဲ့သည်။ အဆိုပါပြတိုက်တွင် လာအိုနိုင်ငံ၏ ယဉ်ကျေးမှုဆိုင်ရာ သင်္ကေတဖြစ်သည့် သစ်သားရုပ်လုံးရုပ်ကြွများကို ပြသထားသည်။ ၎င်းရုပ်လုံးရုပ်ကြွများသည် မျိုးရိုးစဉ်ဆက်ထိန်းသိမ်းခဲ့သည့်လက်ရာများဖြစ်ကာ နိုင်ငံသားများ၏ တီထွင်ဖန်တီးမှုစွမ်းရည်ကို ပြသခဲ့သည်ဟု သိရသည်။ ၎င်းပြတိုက်ဖွင့်လှစ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အရေးများ ဖန်တီးပေးနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကာ လက်မှုပညာရပ်များကို စိတ်ဝင်စားသည့် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းပြတိုက်သည် လာအိုနိုင်ငံ၏ ကြွယ်ဝသည့် ယဉ်ကျေးမှုလက်ရာများနှင့် ယဉ်ကျေးမှုထိန်းသိမ်းနိုင်မှုတို့ကို ပြသနေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၁၆၇၇၂) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

**စစ်ဆေးမှုများဆောင်ရွက်**

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ တရားမဝင် မီးသွေး ၃ ဒသမ ၉၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ငပုတောမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ တရားမဝင် အခြားသစ် ၄ ဒသမ ၃၉၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၅၇၁ ) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟသ်ာတမြို့နယ်၌ လိုင်စင်မဲ့ Honda CBR 150 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၄၅၇၁)ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၀၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၉၂၀) ကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် ပဲခူး-ရန်ကုန်လမ်း ထောက်ကြန့်လမ်းဆုံအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၁၃၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Noah ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၇၆၀၅၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ လိုင်စင်မဲ့ Canter Truck ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၈၃ တန်၊ သစ်မာ သုည ဒသမ ၄၅၂ တန်၊ အခြားသစ် သုည ဒသမ ၇၇၀ တန်၊ ဝါးလုံး ၅၀၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၁၆၁၈၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၁၆၁၈၂)ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ဇန်နဝါရီ ၃ ရက်၊ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၃၆၆၅၈၁)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များအနေဖြင့် အရည်အသွေး ပြည့်မီမှု မရှိနိုင်ခြင်းကြောင့် ပြည်သူများအတွက် ဘေးအန္တရာယ် ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရမည်းသင်းမြို့၊ တောင်ကြီးမြို့နှင့် လွိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ခွန်သိန်းဝင်းအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ရမည်းသင်းမြို့နယ် နန်းလုံကျေးရွာနှင့် နတ်အင်းကျေးရွာသွားလမ်းတွင် ခွန်သိန်းဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဝေထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၇ ဒသမ ၈၈၅၆ ကီလို ကိုလည်းကောင်း၊ ယင်းနေ့ ည ၇ နာရီတွင် ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ချမ်းသာရပ်ကွက်တွင် ဝင်းကိုကို မောင်းနှင်လာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၉ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ကျောက်စမ်းလမ်းရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၁၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ဖုန်းမြင့်နိုင် မောင်းနှင်လာသည့် TOYOTA CROWN ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၃ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် မှ ၂၉ ရက် အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅ ဒသမ ၆၄၆၂ တန်၊ သစ်မာ ၁၉ ဒသမ ၇၅၅၄ တန်၊ အခြားသစ် ၁၃၅ ဒသမ ၈၀၉၄ တန် စုစုပေါင်း ၁၆၁ ဒသမ ၂၁၁၀ တန်၊ ယာဉ်/ယန္တရားခြောက်စီး၊ တရားခံ ၁၇ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၁-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တသုတ်၊ ခန္ဓသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် 'လှရက်ရှန်းစို့ပူတာအို'
**၀၉:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၄၀** Sports Diary
**၁၀:၁၅** လေ့လာစရာစုံလင်အမိမြန်မာပြည်တစ်ခွင် 'ယဉ်ကျေးမှုနှင့် သမိုင်းတို့ရှိရာ'
**၁၁:၁၅** ရိုးရာအစစ် လက်မှုအနုစ် နေထိုးလုပ်ငန်း
**၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၇)
**၁၃:၃၀** MRTV National News
**၁၄:၅၅** မျိုးဝက်တင့်စေ ဆိုကရေးတီးအငွေ့
**၁၆:၄၀** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၃၅** မောက်ကွမ်တို့မြေ မြို့လှိုင်ပွဲ 'ရှမ်းပြည်နယ် ကျိုင်းတုံမြေမှ ချယ်ရီပန်း'
**၁၈:၃၅** ပြည်ချစ်သားမွန် တေးသဝဏ်
**၁၈:၄၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၄၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ပြည်ချစ်သားမွန် တေးသဝဏ်
**၂၁:၁၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄၄)(ဇာတ်သိမ်း)
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

**07:02** Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
**07:13** Offering the Lotus Robe of its Kind
**07:39** Underwater Photographer
**08:01** News
**08:26** Commercial Farmimg to GDP Growth, Cucumber Grower
**08:45** Digital Directory on Shwedagon Pagoda
**09:01** Introductory Programme of Literary Award Winners: Maung Nai (Dathanika)
**09:17** Kay Tu Mar Lar "The Family"
**09:27** Traditional Myanmar Theatrical Performance: Harmonious Performance of Myanmar Orchestra (Hsaing Waing)
**09:38** The High Reliability (GTI) Thanlyin for the Students Youths
**10:01** News

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ဗိုင်ဝါးစကားပြောကြရအောင်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** အုန်းစိမ်းရည်နှင့် ကျန်းမာရေး
**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)** ပျောက်ကွယ်လုနီးပါး ဂေဘားတိုင်းရင်းသားတို့ရဲ့တင်းဝါးပလွေများ
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ရိုးရာအိမ်ချက် ဟင်းတစ်ခွက်
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** သစ်သီးအခေါ်အဝေါ်များ (အပိုင်း-၂)
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ချင်းချိုးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** နိုင်ငံ့စီးပွားအကျိုးပြု မွန်ပြည်နယ်ဆားထုတ်လုပ်မှု
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၈)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (တိုင်းပူထိုင်း၊တိုင်းလိ၊တိုင်းလျန်)
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** တန့်ယန်းမြို့အလှ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၅** နိုင်ငံတကာစီးပွားရေးသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၄၅** Save Our Planet Program
**၁၀:၄၅** အသိပညာနှင့်အမှန်တရား
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၁၅** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကပတိုး ပိုက်ကတိုး'
**၁၀:၀၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
**၁၀:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၂)
**၁၁:၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၃၂)

**MRTV FARMERS' HTV**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၁၀** မြန်မာလူမျိုးတို့ရဲ့မပါမဖြစ်အစားအစာ နေပြည်တော် ရွှေဒေါင်းပဲကြော်
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၃၅** AGRICULTURE IN INDIA
**၁၉:၀၅** 200 Futuristic Agriculture Machines That are Next Level
**၁၉:၄၅** International Music Hits
**၂၀:၀၀** ချွန်စက်(ဇာတ်လမ်း)
**၂၂:၀၀** Satyaprem.Ki.Katha(နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၆:၄၅** Sports Diary
**၁၇:၀၀** အားကစားသတင်း
**၂၂:၀၀** Basketball Grandsian Junior League Ep (1), (2)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံကူးလက်မှတ်(အတု)များဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ တရားမဝင်အလုပ်သမားပို့ဆောင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

ကရင်ပြည်နယ်မြဝတီမြို့အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၉ ရက် မွန်းလွဲပိုင်းတွင် မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့် ထွက်ခွာမည့် သက်နန္ဒာဝင်း ခေါ်ဆောင်လာသည့် တောင်တွင်းကြီးမြို့နယ်နေ မနှင်းအိဖြူပါ အမျိုးသမီးငယ်သုံးဦးအပါအဝင် မြန်မာလူငယ် ၁၁ဦးထံမှ မြန်မာနိုင်ငံကူးလက်မှတ်အတု ၁၁ အုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများ။

**အမှုဖွင့်လှစ်အရေးယူ**

ယင်းနောက် စိစစ်မေးမြန်းချက်များအရ ၁၁ ဦး အနက် မနှင်းအိဖြူပါ ကိုးဦးအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်း (အထက်) ဒုတိယထပ် အမှတ်(၂၂၀)ရှိ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်း ဒါရိုက်တာ နွယ်နီလှိုင်မင်း၊ ဒါရိုက်တာ ခင်မောင်ရွှေ(ခေါ်) ဗလတို့က တစ်ဦးလျှင် ဝန်ဆောင်ခငွေကျပ်သိန်း ၈၀ စီရယူ၍လည်းကောင်း၊ မောင်ကျော်မင်းထွန်းပါ နှစ်ဦးအား ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် (၃၉) လမ်းထောင့် Central Tower တတိယထပ် အခန်း(၃၀၂)ရှိ လျှမ်းထက် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ စုမြတ်(ခေါ်)စုမြတ်နန္ဒာဝင်းက တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀ စီရယူ၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများ ပြုလုပ်ပေးကာ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်၍ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ကြောင်း သိရှိရသဖြင့် မြဝတီမြို့မရဲစခန်းက နွယ်နီလှိုင်မင်း၊ ဗလနှင့် စုမြတ်တို့ကို ဥပဒေအရ အမှုဖွင့်လှစ်အရေးယူခဲ့သည်။


မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ One Asia အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ နွယ်နီလှိုင်မင်း၊ ဗလ၊ လျှမ်းထက်ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းမှ ဝဏ္ဏဖော်(ခေါ်) ကိုပေါက်၊ နိုင်ငံကူးလက်မှတ်အတုပြုလုပ်သူများ ဖြစ်သည့် ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက် စေတနာသုခလမ်း အမှတ်(၇၂/ ၃ လွှာ-စီ)နေ ညိုမင်း၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၉)လမ်း အမှတ်(၁၁/ ၅ လွှာ-ယာ)နေ ဂျွန်ကိုကို (ခေါ်) ဂျွန်ကိုနှင့် ၎င်း၏ဖခင်ဖြစ်သူ ထွန်းရီ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများကို ဂျွန်ကိုကိုထံအပ်နှံ ပြုလုပ်၍ အလုပ်သမားများကို မလေးရှားနိုင်ငံသို့ တရားမဝင် ပို့ဆောင်ပေးသူများဖြစ်သည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၈) ရပ်ကွက် လမ်း(၃၀/အထက်) အမှတ်(၂၀၀)နေ စန်းဝင်း(ခေါ်) ရဖီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗထူးလမ်းသွယ်ထောင့် အမှတ်(၁)နေ သန့်ဇင်ဦးတို့ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၁၆ သို့





မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက် တံဆိပ်တုံးအတုများ။



❂ စာမျက်နှာ ၁၅ မှ

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ နွယ်နီလှိုင်မင်း၊ ဗလ၊ စုမြတ်၊ စန်းဝင်းနှင့် သန့်ဇင်ဦးတို့သည် မလေးရှားနိုင်ငံရောက် ကျော်စွာဆိုသူက မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်ပေးရန် အလုပ်အပ်နှံမှုအပါအဝင် မလေးရှားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများကို စုဆောင်း၍ အခကြေးငွေ ကျပ်သိန်း ၈၀ ရယူပြီး ကျော်စွာအား ငွေကျပ် ၁၇ သိန်း၊ ဇော်လင်းပိုင်နှင့် မျိုးလေး(ခ) ဖာရွတ်တို့အား ထိုင်းဘတ်ငွေ ၂၀၀၀၀ (မြန်မာကျပ်ငွေ ၂၄ သိန်း) စီ၊ အထွေထွေကုန်ကျစရိတ် ကျပ်နှစ်သိန်း ကုန်ကျခဲ့ရာ နွယ်နီလှိုင်မင်းနှင့် ဗလတို့က ငွေကျပ် ၁၃ သိန်း အကျိုးအမြတ် ရယူ၍မလေးရှားနိုင်ငံနေ မျိုးလေး၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သူ ဂျွန်ကိုကိုထံ အပ်နှံအတုပြုလုပ်၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မှ အချက်အလက်များကို ပြုပြင် အတုပြုလုပ်သူ ညီမင်းထံ အပ်နှံပြုပြင်၍ လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ် အတုများ ပြုလုပ်ကာ အလုပ်သမားများကို ရန်ကုန်မြို့သို့ ခေါ်ယူစုစည်း၍ ရန်ကုန်မြို့မှ ခရီးသည်တင်ယာဉ်ဖြင့် မြဝတီမြို့သို့ ပို့ဆောင်ပေးကြောင်းသိရသည်။




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်/ထွက် တံဆိပ်တုံးအတုများဖြင့် ရိုက်နှိပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် မြဝတီမြို့သို့ ရောက်ရှိပါက ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဇော်လင်းပိုင်ဆိုသူ၏ ကိုယ်စားလှယ်ဖြစ်သူ မြဝတီမြို့ အမှတ်(၄) ရပ်ကွက် အောင်မြေရွှေဘိုရပ်နေ သက်နန္ဒာဝင်းက အမှတ်(၁) မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားမှ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(TBP)ဖြင့် လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှ လည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပို့ဆောင်ကြောင်း၊ မဲဆောက်မြို့သို့ ရောက်ရှိပါက ဇော်လင်းပိုင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် လက်မှတ်(ဘတ်ကတ်)အတုများ ထုတ်ပေးကာ မဲဆောက်မြို့မှ ဗန်ကောက်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ကြောင်း၊ ဗန်ကောက်မြို့သို့ရောက်ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်အတုဖြင့် ထိုင်းနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းမှ လေယာဉ်လက်မှတ် ဝယ်ယူ၍ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နရာသီဝမြို့သို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးကြောင်း၊ နရာသီဝမြို့သို့ရောက်ရှိပါက မျိုးလေး၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံနယ်စပ် ကလန်တန်းမြို့သို့ တရားမဝင်ရေလမ်းကြောင်းမှ လှေဖြင့် လည်းကောင်း၊ ကလန်တန်းမြို့မှ မလေးရှားနိုင်ငံ ကွာလာလာမ်ပူမြို့သို့ တရားမဝင်ကုန်းလမ်းကြောင်းမှ မော်တော်ယာဉ်ဖြင့် လည်းကောင်း ပို့ဆောင်ကြောင်း၊ ထို့နောက် မလေးရှားနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းများဖြင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံကူး လက်မှတ်အတုများ ကိုင်ဆောင်သွားလာ အလုပ်လုပ်ကိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရ အရေးယူ ဆောင်ရွက်ထားရှိကြောင်း၊ ဂျွန်ကိုကိုအနေဖြင့် ဗလနှင့် စုမြတ်တို့အပါ ၁၄ ဦးတို့ အပ်နှံသည့် နိုင်ငံကူးလက်မှတ်အတု ၇၃၄ အုပ်အား အတုပြုလုပ်ပေးခဲ့ကြောင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် ကျန်တရားခံများ ဖမ်းဆီးရမိရေးအတွက် ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၆

ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အစပ်ရှိ တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိပြီး ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ခေါ်ဆောင်လျက်ရှိကာ ဥပဒေမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဥပဒေမဲ့ဖမ်းဆီးပြီး လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထု စိုးရိမ်ပူပန်မှုမြင့်တက်စေရန် အတွက် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## လွိုင်လင်မြို့နယ်အတွင်း ဒုတိယအကြိမ် ဘိန်းခင်း ၅၆၃ ကေဖျက်ဆီး

လွိုင်လင် ဇန်နဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးဆောင်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်ဘက် တောင်ကုန်းတောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲဘိန်းခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၅၆၃ ကေကို ဖျက်ဆီးခဲ့ကြောင်းနှင့် ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၈၅ | ၃၁၀၀ | ၃၀၆၅ | ၃၀၀၀ | ၃၁၀၅ | ၃၁၂၀ | ၃၁၃၅ | ၃၀၅၅ | ၄၅၀၅ | ၃၃၅၀ | ၃၀၇၅ | ၃၀၇၅ | ၃၁၄၅ | ၃၁၀၀ | ၃၁၃၀ | ၃၃၉၀ | ၃၉၀၀ |
| 95 Ron | ၃၀၉၅ | ၃၂၀၅ | ၃၁၇၅ | ၃၁၀၅ | ၃၂၁၅ | ၃၂၃၀ | ၃၂၄၅ | ၃၁၆၅ | ၄၅၆၀ | ၃၄၅၅ | ၃၁၈၀ | ၃၁၈၅ | ၃၂၅၀ | ၃၂၁၅ | ၃၂၄၀ | ၃၄၉၅ | ၄၀၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ | ၃၉၀၀ |
| HSD (50 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | ၄၈၃၀ | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |
| HSD (10 ppm) | ၃၂၂၅ | ၃၃၃၅ | ၃၃၀၀ | ၃၂၃၅ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၅ | ၃၂၉၅ | - | ၃၅၈၅ | ၃၃၁၀ | ၃၃၁၀ | ၃၃၈၀ | ၃၃၄၅ | ၃၃၇၀ | ၃၆၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၆ | ၂၉၀၆ |
| 95 Ron | ၂၉၂၀ | ၃၀၁၂ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၄၆ | ၃၁၃၇ |
| HSD (10 ppm) | ၃၀၄၆ | ၃၁၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အနောက်မျှော် မီဒီယာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့ လိုအပ်နေပြီ”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဖယ်ခုံမြို့နယ်အတွင်း အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ အဆိုပါ မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ ဝင်ရောက်ကာ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

**နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်**

ထိုသို့ လုပ်ဆောင်နေမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများသည် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများပိုင်ဆိုင်သည့် ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများ အနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။

ယခုအခါ တပ်မတော်၏နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကြောင့် နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းလာပြီ ဖြစ်သည့်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်အတွင်းရှိ လမ်းဘေးဝဲ/ယာနေရာများနှင့် လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ)နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ) အတွက် အလှူငွေများပေးအပ်ပြီး အဆိုပါမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား နတ်တော ဘုန်းတော်ကြီးကျောင်းတွင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**ပေးအပ်**

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ် ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သတင်းရရှိမှု ၅၄ ကြိမ် ရရှိခဲ့ပြီး သတင်းမှား ၁၇ ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် သိမ်းဆည်းရမိမှု ၃၆ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိ အမှုတွဲ ၆၅ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ



၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သိမ်းဆည်းရမိမှု။

ဖြစ်သော ကုန်ပစ္စည်း ၄၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၁၀၂၀ ဒသမ ၃၉၁ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များအပါအဝင် စက်လှေနှင့် လိုင်စင်မဲ့ယာဉ်၊ လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

**ဆုချီးမြှင့်နိုင်ရေးဆောင်ရွက်**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှု တန်ဖိုးငွေကျပ် ၁၀၂၀ ဒသမ ၃၉၁ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၀၄ ဒသမ ၀၇၈ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန်ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှု သတင်းများနှင့်ပတ်သက်၍ ဖုန်း – ၀၉၄၀၄၃၃၉၉၆၉၊ ၀၆၇–၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltrade info@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ ASEAN Cup မှ**

ခုနစ်ဂိုးဖြင့် သွင်းဂိုးအများဆုံးဆုရခဲ့ခြင်းဖြစ်သည်။ သို့သော် ၄ယင်ရှောင်ဆန်သည် ထိုင်းအသင်းနှင့်ကစားသည့် ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲတွင် ပွဲချိန် ၃၄ မိနစ်တွင် ခြေသလုံးရိုးကျိုးခဲ့သဖြင့် ဆေးရုံသို့ချက်ချင်းပို့ဆောင်ခဲ့ရပြီး အကောင်းဆုံးဆုများ လက်ခံရယူနိုင်ခြင်းမရှိခဲ့ပေ။ အကောင်းဆုံးလူငယ်ကစားသမားဆုကို ထိုင်းတိုက်စစ်မှူး ဆူဖာနတ်က ရရှိသည်။

ဗီယက်နမ်အသင်းသည် ASEAN Cup ပြိုင်ပွဲတွင် သုံးကြိမ်မြောက်ဗိုလ်စွဲခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–AFF**

**❂ မန်ယူအသင်းမှ**

မိုဟာမက်ဆာလာရဲ့ ပင်နယ်တီသွင်းဂိုးတို့ ရရှိခဲ့ပြီး မန်ယူအသင်းက မိနစ် ၈၀ မှာ ဒီယယ်လိုရဲ့ သွင်းဂိုးရရှိခဲ့လို့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**သွင်းယူ**

အခုပွဲစဉ်မှာ လီဗာပူးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ပရီမီယာလိဂ်သွင်းဂိုး ၁၇၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီ ဖြစ်တာကြောင့် ဟင်နရီရဲ့ဂိုးသွင်းစံချိန်နဲ့ တူညီသွားခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ မန်ယူအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာရရှိခဲ့ပေမယ့် အမှတ်ပေးဇယား ဒုတိယနေရာက အာဆင်နယ်အသင်းကို ခြောက်မှတ်ဖြတ်ထားနိုင်ခဲ့ပြီး မန်ယူအသင်းကတော့ ပြိုင်ပွဲစုံငါးပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့အပြင် အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၆**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# Let's write in English daily, young ones.

# လူငယ်တွေ . . . အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် . . .

စိုင်းအောင်မြင့် (ရှမ်းအိုးစည်) ရေးသည်

## အင်္ဂလိပ်လို နေ့စဉ်ရေးသားခြင်း အကြံပြုချက်များ

**လုပ်ရိုးလုပ်စဉ်အဖြစ် သတ်မှတ်ပါ**

- နေ့စဉ်စာရေးရန် အချိန်ဇယားသတ်မှတ်ထားနိုင်ပါသည်။

**အသေးအမွှားဖြင့် စတင်ပါ**

- ရိုးရှင်းသောစာကြောင်းများဖြင့် စတင်ပါ။ သင့်အတွေးအမြင်များ သို့မဟုတ် သင်နှစ်သက်သည့် အကြောင်းအရာများအကြောင်း ရေးပါ။ ယုံကြည်မှုရလာသည်နှင့်အမျှ ပိုမိုရှုပ်ထွေးသော အကြောင်းအရာများကို စတင်ရေးသားနိုင်ပါသည်။

**Prompts ကိုအသုံးပြုပါ**

- ဘာရေးရမှန်းမသိပါက စေ့ဆော်ချက်/ အစဖော်ပေးချက်/ prompt များကို အသုံးပြုပါ။
  ဥပမာ – "သင့်ရဲ့ အကြိုက်ဆုံး အစားအစာ"၊
  "သင် သွားလည်ချင်တဲ့နေရာ"၊ "ဒီနေ့ ဘာသင်လဲ"

**မှတ်တမ်းတစ်ခုထားရှိပါ**

- နေ့စဉ်မှတ်တမ်းရေးခြင်းသည် သင့်ခံစားချက်များနှင့် သင့်အတွေ့အကြုံများကို မှတ်တမ်းတင်ရန် အထူးသင့်လျော်သည်။

**ထွင်ဉာဏ်ရှိသော စာရေးခြင်းအလုပ် (Creative Writing)**

- ဝတ္ထုတို၊ ကဗျာတို သို့မဟုတ် စာစီစာကုံးတို ရေးကြည့်ပါ။ သင့်ဝေါဟာရနှင့် ဝါကျဖွဲ့စည်းပုံများကို ချဲ့ထွင်ရန် ကူညီပေးပါမည်။

**အမှားများကို ပြုပြင်ပါ။**

- အမှားလုပ်မိခြင်းအတွက် စိတ်မပျက်ပါနှင့်။ သင့်ရေးသားမှုကို ပြန်လည်သုံးသပ်ပါ။

**ဖတ်ပြီး အတုယူပါ**

- သင်နှင့် သင့်လျော်သည့် အင်္ဂလိပ်စာအုပ်များ၊ ဆောင်းပါးများ သို့မဟုတ် ဘလော့ဂ်များဖတ်ခြင်းသည် သင်၏ စာရေးစွမ်းရည်ကို များစွာမြှင့်တင်ပေးနိုင်ပါသည်။ စာရေးဆရာကောင်းများ၏ ပုံစံကို အတုယူခြင်းဖြင့် သင့်ကိုယ်ပိုင် အရေးအသားကို တိုးတက်စေနိုင်သည်။ ကောင်းစွာရေးထားသော အကြောင်းအရာများမှ သင်ယူခြင်းသည် ထိရောက်သော ဝါကျစာကြောင်းများ ဖွဲ့စည်းပုံ၊ ဝေါဟာရနှင့် လေသံတို့ကို နားလည်ရန် ကူညီပေးပြီး သင်၏ ရေးသားနိုင်စွမ်းကို မြှင့်တင်ပေးပါသည်။

**အက်ပ်များကို အသုံးပြုပါ**

- နေ့စဉ် စာရေးလေ့ကျင့်ခန်းများနှင့် အကြံပြုချက်များကို ဖော်ပြသည့် စာရေးအက်ပ်များနှင့် ဝက်ဘ်ဆိုက်များစွာရှိသည်။

**စာရေးခြင်းဝါသနာရှင်အသိုင်းအဝိုင်းတွင် ပါဝင်ပါ**

**– Writing Communities**

- သင်၏ရေးသားမှုကို မျှဝေနိုင်ပြီး တုံ့ပြန်ချက်ရယူနိုင်သည့် အွန်လိုင်းအသိုင်းအဝိုင်းများ သို့မဟုတ် ဖိုရမ်များတွင် ပါဝင်ပါ။

**သင်၏တိုးတက်မှုကို ရယူပါ**

- အချိန်ကြာလာသည်နှင့်အမျှ သင်၏ ရေးသားမှုကို ပြန်လည်သုံးသပ်ပြီး တိုးတက်မှု ရယူပါ။

**ရွှေသွေးဂျာနယ်ဖတ်ခြင်း အတွေ့အကြုံ**

ရွှေသွေးဂျာနယ်သည် ကျွန်တော်၏ စာဖတ်ခြင်းအလေ့အထတွင် အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ပြီး ဉာဏ်ရည်ဉာဏ်သွေးနှင့် ယဉ်ကျေးမှုအရပါ များစွာအထောက်အကူဖြစ်စေသည်ဟု ယုံကြည်မှုရှိရှိ ပြောနိုင်ပါသည်။

ရွှေသွေးဂျာနယ်သည် မြန်မာနိုင်ငံတွင် အကျော်ကြားဆုံးနှင့် အလေးစားရဆုံး စာပေများထဲမှ တစ်ခုဖြစ်သည်။ နိုင်ငံအတွင်း စာပေ၊ ယဉ်ကျေးမှုနှင့် ပညာရေးအတွက် သိသာထင်ရှားသော ပံ့ပိုးကူညီမှုများကြောင့် အသိအမှတ်ပြုမှု ရရှိထားသည်။ ဂျာနယ်သည် မတူကွဲပြားသော စာဖတ်သူများ၊ ကလေးများမှသည် လူငယ်လူရွယ်များနှင့် လူကြီးများအထိ ထိတွေ့ဆက်ဆံနိုင်သည်။ အကြောင်းအရာများကို အင်္ဂလိပ်နှင့် မြန်မာဘာသာဖြင့် ရေးသားဖော်ပြသည်။ စာဖတ်သူတို့သည် ဘာသာစကားနှစ်ခုကို နှိုင်းယှဉ်နိုင်သောကြောင့် အင်္ဂလိပ်နှင့် မြန်မာဘာသာစကားနှစ်မျိုးစလုံးတွင် ကျွမ်းကျင်မှုကို မြှင့်တင်နိုင်သည်။ မတူညီသော အရေးအသားပုံစံများနှင့် အကြောင်းအရာများကို ထိတွေ့ခွင့်ရရှိချိန်တွင် ဘာသာစကားစွမ်းရည်ကို မြှင့်တင်လိုသော စာဖတ်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်တစ်ခုဖြစ်သည်။

| အဆင့်များ | ဖော်ပြချက် |
|---|---|
| ကတ္တား | ဝါကျ၏ ကတ္တားကို ခွဲခြားသတ်မှတ်ပါ။ |
| ကြိယာရွေးပါ | အကြောင်းအရာ၏ လုပ်ဆောင်ချက် သို့မဟုတ် အခြေအနေကို ပြသသော ကြိယာတစ်ခုကို ရွေးချယ်ပါ။ |
| အပိုအချက်အလက်များ ပေးပါ | အကြောင်းအရာနှင့် ကြိယာအကြောင်း အသေးစိတ် အချက်အလက်များကို ဖြည့်စွက်ပါ။ |
| သရုပ်ဖော်စကားလုံးများဖြင့် မြှင့်တင်ပါ။ | ဝါကျ ပိုမို ကွက်ကွက်ကွင်းကွင်း ဖြစ်စေရန် နာမဝိသေသနများ သို့မဟုတ် ကြိယာဝိသေသနများကို အသုံးပြုပါ။ |
| သဒ္ဒါစည်းမျဉ်းများကို လိုက်နာပါ | ကတ္တားနှင့် ကြိယာ ကိုက်ညီကြောင်း သေချာစေရန် သဒ္ဒါစည်းမျဉ်းများကို လိုက်နာပါ။ မှန်ကန်သောကြိယာ၏ကာလကို ဖော်ပြသောသဏ္ဍာန်ကို အသုံးပြုပါ။ |
| ပုဒ်ဖြတ်ပုဒ်ရပ် မှန်ကန်စွာသုံးပါ | လိုအပ်သည့်နေရာတွင် ပုဒ်ဖြတ်ပုဒ်ရပ်ကို မှန်ကန်စွာအသုံးပြုပါ။ |
| ဝါကျအမျိုးအစားများကို ရောနှောပါ | စိတ်ဝင်စားစေရန် မတူညီသော ဝါကျ ဖွဲ့စည်းပုံများကို အသုံးပြုပါ။ |
| ရှင်းလင်းပြတ်သားမှုနှင့် ညီညွတ်မှု စစ်ဆေးပါ | သင့်စာကြောင်းများသည် နားလည်ရလွယ်ကူပြီး ကောင်းမွန်စွာစီးဆင်းကြောင်း သေချာစေပါ။ |
| ဤအဆင့်များကို လိုက်နာခြင်းဖြင့် | ရှင်းလင်းပြီး ဆွဲဆောင်မှုရှိသော စာကြောင်းများကို ဖန်တီးနိုင်သည်။ |

(ဆက်လက်ဖော်ပြပါမည်)

# ရေးထုံးအမှန်သိစေဖို့ "တ နှင့် တစ်" ကို မှတ်ကြစို့

အင်ကြင်းခိုင်(ရန်ကုန်တက္ကသိုလ်)

**လူတို့ စကားပြောတတ်စ အရွယ်ကစ၍ မြန်မာစကားကို ပြောတတ်လာကြသည်။ မြန်မာစာ ရေးတတ်၊ ဖတ်တတ်ရန်အတွက် ဆရာများကလည်း သင်ကြားပေးကြသည်။ လူတို့ပြောနေသည့် စကားသံများကို မြန်မာအက္ခရာစာလုံးများဖြင့် ရေးသားလိုက်သောအခါ မြန်မာစာဖြစ်လာသည်။ တစ်နည်းဆိုရသော် မြန်မာစာသည် လူတို့၏ပါးစပ်နှင့်ပြောခြင်းနှင့် လူတို့၏လက်နှင့်ရေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။**

မြန်မာနိုင်ငံတွင် မွေးဖွားကြီးပြင်းလာသော မြန်မာများသည် မြန်မာစကားနှင့် မြန်မာစာအကြောင်း ခြေခြေမြစ်မြစ် သိထားရန်လိုပါသည်။ မြန်မာစာသည် မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို အစဉ်အဆက်ထိန်းသိမ်းလာခြင်းဖြစ်ပြီး မြန်မာစကားသည် မသုံးမဖြစ် သုံးနေရသည့် ဆက်သွယ်ရေးပစ္စည်းဖြစ်သည်။

ထိုသို့အရေးပါသည့် မြန်မာစကားကို စနစ်တကျရေးတတ်ရန်နှင့် မြန်မာစာကို မှန်မှန်ကန်ကန် ပြောနိုင်ရန်မှာ မှားတတ်သောအမှားများကို သိထားရန်လိုအပ်သည်။ ထို့ကြောင့် ဖတ်ရှုသူများ အလွယ်တကူနားလည်၍ သိရှိစေရန် သတ်ပုံ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍ မဖြစ်နိုင်ပါ။ သတ်ပုံဆိုသည်မှာ စာလုံးပေါင်းသတ်ပုံကို ဆိုလိုပါသည်။ စာလုံးပေါင်းသတ်ပုံဆိုရာတွင် မြန်မာ ဗျည်း၊ သရ၊ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး၊ အသတ်တို့ကို စာလုံးဖြစ်အောင် ရေးသားရသည့် ရေးထုံးနည်းစနစ်ဖြစ်သည်။ စာလုံးပေါင်းသတ်ပုံ မှန်ကန်ရေးနှင့်စပ်လျဉ်း၍ ရှေးမြန်မာမင်းများ လက်ထက်ကပင် အရေးတယူဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

ယနေ့ မျက်မှောက်ခေတ်တွင် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနက ပြဋ္ဌာန်းထားသည့် စာလုံးပေါင်းသတ်ပုံကျမ်းလည်း ပေါ်ထွက်လာခဲ့ပြီး မှီငြမ်းကိုးကားနိုင်ပြီ ဖြစ်ပါသည်။ သို့ရာတွင် နေ့စဉ်ပြောနေသည့်စကား၊ နေ့စဉ်ရေးနေသည့် စာများသည် မကြာခဏ မှားနေကြသည်ကို တွေ့ရပါသည်။

မြန်မာစာသည် ရုံးသုံး၊ ကျောင်းသုံးဘာသာစကားဖြစ်သော်လည်း မြန်မာစာ အရေးအသားမှားယွင်းသုံးစွဲနေကြသည်ကို မကြာခဏတွေ့ရပါသည်။ ထိုသို့ မြန်မာစာကို နေ့တိုင်းရေး၊ နေ့တိုင်းပြောနေကြသော်လည်း အမှား၊ အမှန်မကွဲပြားဘဲ မြန်မာစာလုံးပေါင်းသတ်ပုံတို့ မှားနေကြသည်။ ထိုအမှားများထဲမှ မှားလေ့မှားထရှိသော "တ နှင့် တစ်" အမှားများကို တင်ပြလိုပါသည်။

အရေအတွက်ကို ဆိုလိုသည့်သဘောဆောင်လျှင် ယေဘုယျအားဖြင့် "တစ်" ကို သုံးပါသည်။ "တစ်ကောင်တလေ၊ တစ်ကိုယ်တည်း၊ တစ်ခုခု၊ တစ်ခုလပ်၊ တစ်ခဲနက်၊ တစ်စတစ်စ၊ တစ်ဆစ်ချိုး၊ တစ်ဆိတ်စာ၊ တစ်ပြိုင်နက်၊ နိုင်ငံတစ်ဝန်း၊ တစ်ကျော့နှစ်ကျော့၊ တစ်ကျွန်းကျ၊ တစ်ခါတစ်ခေါက်၊ တစ်ခါတစ်ရံ၊ တစ်ခုတလေ၊ တစ်ခွင်တစ်ပြင်၊ တစ်စိတ်တစ်ဒေသ၊ တစ်မျိုးတစ်မည်စသည့် စကားလုံးများတွင် "တစ်" ဖြင့် ရေးသားရမည်။

"တစ်" အသုံးနှင့်ပတ်သက်၍ "တစ်" သည် အကောင်အထည်မြင်ရပြီး နာမ်လည်းဖြစ်မည်။ မျိုးပြလည်းဖြစ်လျှင် "တစ်" ကို အသုံးပြုရမည်။ သာဓကပြရသော်– တစ်သည် – တစ်ခု၊ တစ်ကောင်၊ တစ်ယောက်၊ တစ်အုပ်၊ တစ်ချောင်းတို့တွင် "တစ်" ကို အသုံးပြုရမည်။

"တည်း" နှင့် အဆုံးသတ်သည့် စကားလုံး၏ ရှေ့တွင် တစ်ကိုအသုံးပြုရမည်။ သာဓက ပြရသော် – တစ်ယောက်တည်း၊ တစ်စုတည်း၊ တစ်ပြင်တည်း၊ တစ်ဖြောင့်တည်း၊ တစ်ပြေးတည်း၊ တစ်ဆက်တည်း၊ တစ်ကြောင်းတည်းတို့နှင့် ယှဉ်တွဲအသုံးပြုလျှင် "တစ်" ကိုသုံးရမည်။

"တ" ကို အမူအရာကို ဖော်ပြသည့် ကြိယာဝိသေသနနှင့်စကားလုံးတူ၊ ထပ်နေသော ကြိယာဝိသေသနတို့တွင် "တ" ကို အသုံးပြုရမည်။ သာဓကပြရသော်– တငူငူ၊ တငိုင်ငိုင်၊ တဒုန်းဒုန်း၊ တဒိုင်းဒိုင်း၊ တငိုငို၊ တရယ်ရယ်၊ တရင်းတနှီး၊ တပျော်တပါး၊ တရိုတသေစသည်တို့တွင် "တ" ကို အသုံးပြုရမည်။


စကားလုံးတို့တွင် "တ" နှင့် "အ" ကို ဖလှယ်၍ ထည့်ကြည့်၍ရလျှင် "တ" ကို အသုံးပြုရမည်။ သာဓကပြရသော် "အလွဲ" တွင်ပါသော "အ" ဟူသော အက္ခရာကို "တ" အက္ခရာနှင့် ဖလှယ်ကြည့်သောအခါ "အလွဲ" မှ "တလွဲ" သို့လည်းကောင်း၊ "အစောင်းကြီး" တွင်ပါသော "အ" အက္ခရာကို "တ" အက္ခရာနှင့် အစားထိုးကြည့်သောအခါ "တစောင်းကြီး" ဟု ဖလှယ်၍ရသောကြောင့် "တ" ဟု သုံးရမည်ဖြစ်သည်။ သာဓကပြရသော်– "တ နှင့် တစ်" အသုံးမကွဲသည့် စကားလုံးများကို သာဓကပြရလျှင် "တစ်ခါတလေ၊ တစ်ခုတလေ၊ တစ်ကောင်တလေ၊ တစ်ယောက်တလေ၊ တစ်ပြိုင်နက်စသည်တို့တွင် "တ" သည် ရှေ့ကဆက်၍ရသည့် ရှေ့ဆက်စကားဖြစ်သည်။ ကိန်းဂဏန်းနှင့် ဆက်သွယ်သည့်အတွက် "စသတ်" နှင့် ရေးသားရမည်။ တချို့တလေ၊ အတူတကွ၊ အများတကာ၊ တမှိုင်မှိုင်တတွေတွေ၊ တခြား၊ တချို့၊ တစ်ဝက်၊ တစေ့တစောင်း၊ တရင်းတနှီး၊ တမင်တကာ၊ တဖြည်းဖြည်းစသည့် စကားလုံးများကို "တ" နှင့် ရေးသားရမည်။

မြန်မာစကားနှင့် မြန်မာစာသည် စကားပြောတတ်စအရွယ်မှစ၍ မြန်မာစာကို ပြောဆိုနေကြသော်လည်း မှားတတ်သော မြန်မာစာအရေးအသားများကို "တ နှင့် တစ်" အသုံးကို ရေးထုံးအမှန်သိစေဖို့ "တ နှင့် တစ်" ကိုမှတ်ကြစို့ ဆောင်းပါးဖြင့် ရေးသား တင်ပြလိုက်ပါသည်။ ။

# ရေစကြိုမြို့နယ်၌ မတ်ပဲသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရရှိကာ အကျိုးအမြတ်ရ

**မကွေး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပြောင်းဖူးစသည့် သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံကိုလည်း ချင်းတွင်းမြစ်ရေကျချိန်တွင် အများအပြား စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



မတ်ပဲသီးနှံကို ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ရိတ်သိမ်းကာ ဇန်နဝါရီလတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မတ်ပဲသီးနှံစိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းခြွေလှေ့ခ၊ လုပ်သားခ အပါအဝင် မတ်ပဲတစ်ဧကလျှင် ငွေကျပ် ၈-၉ သိန်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် မတ်ပဲတစ်ဧကလျှင် အထွက်နှုန်း ၂၀-၂၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် မတ်ပဲစိုက်တောင်သူများအနေဖြင့်အထွက်နှုန်းကောင်းမွန်၍ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိသောကြောင့် နွေမတ်ပဲသီးနှံများကိုလည်း ဖေဖော်ဝါရီလတွင် ပြန်လည်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ကျောက်ဆည်မြို့နယ်၌ ကုလားပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့နယ်သည် စိုက်ပျိုးရေးကို အခြေခံ၍ စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲ(ဆောင်း)သီးနှံကိုလည်း စိုက်ပျိုးလျက်ရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၃၀၀၉၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၅၁၇ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၂၁၃၆၀ စုစုပေါင်းစိုက်ဧက ၆၀၉၇၅ ဧက စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲ (ဆောင်း)သီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် အများဆုံးစိုက်ပျိုးကြပြီး သီးသန့်စိုက်ပျိုးမှုနှင့် သီးထပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ ကုလားပဲ(V2)မျိုးနှင့် ရိုးရိုးကုလားပဲ လုံးသေးမျိုးများကို စိုက်ပျိုးကြပြီး ကုလားပဲ(V2)မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့တစ်တင်းခွဲခန့်နှင့် မျိုး၊သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် ကုလားပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကုလားပဲသီးနှံများ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ကုလားပဲစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။





# ပြင်ဦးလွင်မြို့၌ ကော်ဖီသီးနှံများ ထွက်ပေါ်

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကော်ဖီသီးနှံစိုက်ပျိုးမှုအနေဖြင့် စိုက်ဧက ၁၀၃၇၈ ဧကရှိကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

ကော်ဖီသီးနှံကို မေ၊ ဇွန်နှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ၃-၄ နှစ်ခန့်အကြာတွင် ကော်ဖီသီးများ စတင်သီး၍ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် အသီးများခူးဆွတ်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ပင်ကြားတန်းကြား လေးပေ အကွာအဝေးဖြင့် စိုက်ပျိုးရပြီး တစ်ဧကလျှင် ကော်ဖီအပင်ရေ ၁၃၆၀ ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ကော်ဖီသီးနှံစိုက်ပျိုးရာတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီဟူ၍ ခွဲခြားစိုက်ပျိုးကြကြောင်း၊ ကုန်းမြင့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် စိုက်ပျိုးဖြစ်ထွန်းပြီး မြေနိမ့်ကော်ဖီမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ တွင်သာ စိုက်ပျိုးနိုင်ကြောင်း၊ ပြင်ဦးလွင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်တွင် တည်ရှိသောကြောင့် ကုန်းမြင့်ကော်ဖီဖြစ်သော အာရေးဗီးကားကော်ဖီမျိုးများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၁၅၀ ခန့်ထွက်ရှိပြီး တောင်ကြီး၊ ရှာင်၊ ကလော၊ ပြင်ဦးလွင်မြို့များရှိ ပွဲစားများက စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၆-၁-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၉၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၄၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၁၈၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၄၉၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၈၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၈၅ | ၁၈၀၀၀ | ၄၈၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၉၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၃၃၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၄၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၈၀၀ | ၈၁၀၀ | ၁၃၀၀၀ | ၃၃၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၃၆၀၀ | ၁၅၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၈၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၉၀၀၀ | ၂၂၀၀၀ | ၂၆၅၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၄၀၀ | ၄၀၀၀ | ၁၅၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၂၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၅၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211

www.kbzpay.com

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အပ်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ Paper A4 (100gsm)နှင့် Paper A4(70gsm)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.22.Stationery (2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချသည့်ရက် | - | ၈-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၁-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း – ၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## “ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း”

မော်တော်ယာဉ် 3B–1574 Toyota Lancuriser (Model–1994) အမျိုးအစားယာဉ်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မော်တော်ယာဉ်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သူသူမင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၆၅)**
**ဖုန်း–၀၉–၇၆၃၁၆၁၂၅၅၊ ၀၉–၉၈၈၅၉၅၀၄၅**

## မိသားစု အမွေခွဲဝေရယူပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၇)၊ လူနေရပ်ကွက်အမှတ်(၈)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်–၁၈၈(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးမြသောင်း၊ ဦးကြိုင်ထွန်း အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ထွက်ရှိထားသည့်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ် နေအိမ်အား ဖခင်ဖြစ်သူ ဦးမြသောင်းမှ သမီးကြီးဖြစ်သော ဒေါ်ဟေမာဝင်းနှင့် ဦးနွေဦး တို့ထံသို့ (၄-၁-၂၀၂၅) ရက်နေ့တွင် ကာလတန်ဖိုးဖြင့် လက်ရောက်လွှဲပြောင်းရောင်းချခဲ့ပြီး ရောင်းရငွေများအား ဖခင်ဦးမြသောင်းမှ သမီးများဖြစ်သော ဒေါ်ဟေမာဝင်း၊ ဒေါ်ရူပါဝင်းဆန်း၊ မခိုင်စံပယ်သင်းတို့အား တစ်ဦးလျှင် ငွေကျပ်သိန်း (၄၀၀)တိတိပေးအပ်၍ အညီအမျှ အမွေဝေစုခွဲဝေပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် အထက်ပါလိပ်စာရှိ အိမ်မြေသည် ယနေ့မှစ၍ ဦးနွေဦးနှင့် ဒေါ်ဟေမာဝင်းတို့မှသာ အကျိုးသက်ဆိုင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးနွေဦး | ဒေါ်အေးသန္တာစိုး(LL.B) |
| [၁၂/ထတပ(နိုင်)၀၈၉၂၈၄] | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၈၀) |
| ဒေါ်ဟေမာဝင်း | အမှတ်–၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ |
| [၁၂/ရပသ(နိုင်)၀၅၇၅၆၃] | (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း–၀၉–၄၂၀၂၀၄၆၅၄ |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၈)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၈၈/က)၊ အကျယ်ပေ(၂၀x ၆၀)၊ ဧရိယာ(၀.၀၂၇) ဧက၊ (၁၂၀၀)စတုရန်းပေရှိ ဦးမြသောင်း၊ ဦးကြိုင်ထွန်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ်အိမ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိအိမ်မြေအား တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြသောင်း [၁၂/မရက(နိုင်)၁၀၁၂၅၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးနွေဦး [၁၂/ထတပ(နိုင်)၀၈၉၂၈၄]နှင့် ဒေါ်ဟေမာဝင်း[၁၂/ရပသ(နိုင်)၀၅၇၅၆၃]ကိုင်ဆောင်သူတို့မှ (၄-၁-၂၀၂၅) ရက်စွဲပါ “နှစ်ဦးသဘောတူ မြေနှင့်အိမ်လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်” အား အသိသက်သေများရှေ့မှောက်၌ ချုပ်ဆို၍ ကာလတန်ဖိုးငွေအပြည့်အဝပေးချေကာ အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးနွေဦး | ဒေါ်အေးသန္တာစိုး(LL.B) |
| [၁၂/ထတပ(နိုင်)၀၈၉၂၈၄] | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၈၀) |
| ဒေါ်ဟေမာဝင်း | အမှတ်–၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ |
| [၁၂/ရပသ(နိုင်)၀၅၇၅၆၃] | (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| | ဖုန်း–၀၉–၄၂၀၂၀၄၆၅၄ |

## “ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြော်ငြာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၀၉) နေ ဒေါ်ဥမ္မာဝင်း [၁၂/လမတ(နိုင်)၀၀၈၈၆၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

SUPER STAR

အထက်တွင်ဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈-၁-၂၀၀၂)ရက်နေ့တွင် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်း ကြေညာထားခဲ့ပါသည်။ အဆိုပါမှတ်ပုံတင်သွင်းစာချုပ်အမှတ်(၄၂၃/၂၀၀၂)ဖြင့် SUPER STAR အမည်အမှတ်အသားဖြင့်ပင် “လူသုံးကုန်၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး နေအိမ်သုံး၊ စက်ရုံသုံး ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းသောဂုဏ်သတင်းဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ယခုအခါ ပုံတူပြုလုပ်လျက် ပလတ်စတစ်ပစ္စည်းအချို့ကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားနှင့် စာလုံး၊ ဒီဇိုင်းပုံတံဆိပ်များ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲ ဖြန့်ဖြူးထုတ်လုပ်ရောင်းချခြင်းကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ထပ်မံလုပ်ကိုင်ဆောင်ရွက် အသုံးပြုသူများအား တွေ့ရှိပါက မိမိ၏အကျိုးစီးပွားများ ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် လျော်ကြေးငွေတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ အတုအပ ဆင်တူယိုးမှားပြုလုပ်ထားသည့် တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် အသုံးပြုသူ၊ တုပသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်ကြည် (LL.B) | ဒေါ်စုစုလှိုင် (LL.B) | ဒေါ်ချန်ပေါင်လူး (LL.B) |
| (စဉ်–၁၁၄၀၆) | (စဉ်–၅၅၅၆၃) | (စဉ်–၅၆၄၉၈) |
| တရားလွှတ်တော်ရှေ့နေ | ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး(LL.B) | |
| | (စဉ်–၅၆၆၆၂) | |

**အထက်တန်းရှေ့နေများ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ယခင် (၉၂) ရပ်ကွက်၊ ယခု (၉၄) ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်အမှတ် – ၁ ဟုခေါ်တွင်သည့် (၄) ခန်းတွဲ (၅) ထပ်တိုက် အဆောက်အဦရှိ အကျယ်အဝန်း (၂၅ပေx ၂၆ပေ)ရှိ အခန်းအမှတ် – ၄၊ ဒုတိယထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရောင်းသူ ဦးစံထက်ဝင်း [၉/ပဥလ(နိုင်) ၀၀၁၉၀၅] မှ (၂၀-၁၂-၂၀၁၂) ရက်စွဲပါ ဆက်စပ်စာချုပ်အရ လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၅) ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–၄၂၉၊ မြေကွက်တည်နေရာအမှတ်–၄၂၉၊ တော်ဝင်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးအေးကြွယ် (ZGN–004825) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအေးကြွယ်သည် (လူပျိုကြီး)ဘဝဖြင့် (၃၀-၅-၂၀၁၉) နေ့တွင် ကွယ်လွန်သဖြင့် ညီမအရင်းများဖြစ်ကြသော ဒေါ်မြမြသန်း [၁၂/ဥကတ(နိုင်)၀၅၀၀၉၇]၊ ဒေါ်မြင့်မြင့်စော [၁၂/ဥကတ(နိုင်)၀၀၉၂၈၇]တို့မှ အမည်ပေါက်၏ ညီမအရင်းများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂-ထပ် အုတ်ညှပ်အဆောက်အဦ(၁)လုံးတွင် လျှောက်ထားသူကိုယ်တိုင်နေထိုင်ပြီး RC ၂-ထပ်(၁)လုံးတွင် ဆွေမျိုးဖြစ်သူ ဦးသောင်းထိုက်အေး နေထိုင်ပါသည်။ ၎င်းမှာ ကွင်းဆင်းစဉ် အပြင်သွားနေ၍ နေအိမ်သော့ဖွင့်ပြနိုင်ခြင်းမရှိပါ။ လျှောက်ထားသူတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ ဝင်စာအမှတ်(၁၃၃၈၃/၂၂-၁၀-၂၀၂၄)ဖြင့် ဦးသောင်းထိုက်အေး မှ ကွင်းဆင်းသည့်နေ့တွင် အိမ်သော့ပိတ်ထားခြင်းအတွက် နေအိမ်တွင် အမှန်တကယ်နေထိုင်ကြောင်း ဓာတ်ပုံမှတ်တမ်းနှင့်တကွ တင်ပြပြီး ဒေါ်မြမြသန်း၊ ဒေါ်မြင့်မြင့်စော တို့၏ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားခြင်းအား သိရှိသဘောတူကြောင်း တင်ပြထားပါသည်။ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၀၈၃၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသိန်းထွန်း မှတ်ပုံတင်အမှတ်[၁၄/ပသန(နိုင်)၀၁၈၉၁၅]အဖ အမည် ဦးလှသန်းမှ မြေချပါမစ် (စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ် (စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ကျော်မိုး ၏ သား မောင်ခိုင်လင်းကျော် [၁၄/ဇလန(နိုင်)၁၈၀၃၆၀]၏ နိုင်ငံကူး လက်မှတ်နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၉၁၁၀၂၁**

## ပျောက်ဆုံးကြောင်း

ဦးမောင်ကို ၏သမီး ကျွန်မ မခင်မာဝင်း [၉/ပမန(နိုင်) ၁၇၆၉၆၉]၏ နိုင်ငံကူးလက်မှတ် အမှတ် (M–732407)ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၃၅၅၄၉၈၅**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်း အိမ်ရာ၊ ရာဇကုမာရလမ်း၊ တိုက်(၁၄)၊ အခန်း(၃၀၃)တွင်နေထိုင်သူ ဦးမြင့်ဦး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၃/မဝတ(နိုင်)၀၁၈၇၄၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်အမှုသည် ဦးမြင့်ဦးနှင့် ဒေါ်နှင်းအေးငြိမ်းတို့သည် (၂၀၀၅)ခုနှစ်ကတည်းက တရားဝင်အကြင် လင်မယားအဖြစ် ပေါင်းသင်းလာရာ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ ပေါင်းသင်းလာရာတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်(၁၄)၊ အခန်းအမှတ်(၃၀၃) တိုက်ခန်းတစ်ခန်း၊ ထန်းတပင် မြို့နယ်ရှိ မြေကွက်(၂)ကွက်၊ ယာဉ်အမှတ် 8J/6055 Super Custom ယာဉ်တို့ ဖြစ်ထွန်းခဲ့ပါသည်။ (၂၅-၁၀-၂၀၂၄)ရက်နေ့ နံနက်(၉)နာရီခန့်အချိန်တွင် တိုက်ခန်းရှိ ငွေကျပ်သိန်း(၄၀)နှင့် ပိုင်ဆိုင်မှုစာမှတ်စာတမ်းများအပါအဝင် 8J/6055 ယာဉ် တို့အား ယူဆောင်၍ နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ လင်မယားနှစ်ဦးပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများသည် ကျွန်ုပ် အမှုသည်၏ ပိုင်ဆိုင်မှုများဖြစ်ပြီး ၎င်းမှာ မိမိသဘောဖြင့် မိမိနေအိမ်ပေါ်မှ ဆင်းသွားခြင်းဖြစ်၍ အဆိုပါပိုင်ဆိုင်မှုများအား လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်း ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့အား ခွင့်မပြုကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်တင်(LL.B)** | **ဦးထွန်းလင်းမောင်(LL.B, D.B.L, D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၂၆၄/၂၀၁၈)** | **(စဉ်-၄၇၉၉၉/၂၀၁၆)** |

**အမှတ်-၁၆၀/ခ၊ ရွှေဝါထွန်း(၁)လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၂၅၂၈၀၄၆၂၅**

## မြေနေရာချထားပေးမှုအကြောင်းကြားစာ ပျောက်ဆုံးနေကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် အမှတ်(ကက-၁)၊ ဦးပိုင်(၄)၊ ကန်သာယာရပ်ကွက်ရှိ ပေ(၇၀x၁၀၀)၊ (ဧရိယာ ၀.၁၆၁ ဧက) မြေကွက်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်သီရိမြတ်ထွန်းဆိုင်(ဘ) ဦးမြတ်ထွန်းဆိုင် [၆/ကသန(နိုင်)၀၄၂၇၆၃] အား မြေနေရာချထားပေးခဲ့ပါသည်။ ထိုအကြောင်းကြားစာတွင် မြေတန်ဖိုး တစ်စတုရန်း ပေလျှင် ငွေကျပ် ၁၀၀၀၀ (တစ်သောင်းကျပ်)နှုန်းဖြင့် စုစုပေါင်းကျသင့်ငွေ ငွေကျပ် ၇၀၀,၀၀၀၀၀/-(ကျပ်သိန်းခုနစ်ရာတိတိ)ကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ ပေးသွင်းရန်ပါရှိပါသည်။ ယင်းအကြောင်း ကြားစာသည် ငွေမပေးသွင်းမီ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအကြောင်းကြားစာ လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိမြတ်ထွန်းဆိုင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ**
**ဒေါ်သဇင်မွှေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းသော်တာမင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၁၈၄/၂၀၂၂)**
**၆၆x၆၇-ကြား၊ ၃၇-လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၇၈၉၁၀၂၈၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာ၊ ကွင်းအမှတ်(၁၄၂၊ ၁၄၃၊ ၁၄၆၊ ၁၅၃)၊ ဧရိယာစုစုပေါင်း (၁.၉၅)ဧကအနက်က ခြံမြေအလယ်ကွက်ရှိ အရှေ့မျက်နှာ၁၀ (၁၂၀)ပေ၊ အနောက်(၄၀၀)ပေအရှည်ရှိ ခြံအုတ်စည်းရိုးပတ်လည်ကာရံထားပြီး ဒေါ်သွယ်သွယ်စိုး အမည်ပေါက်ဖြင့် အခြားနည်းသုံးစွဲခွင့်ရရှိထားသည့် ခြံမြေကွက် နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်သွယ်သွယ်စိုးမှ မောင်ဖြစ်သူ ဦးဖြိုးလွင်သော် အား စာချုပ်စာတမ်းနှင့်တကွ တရားဝင်လွှဲပြောင်းပေးအပ်ထားရာ လက်ရောက်ရရှိ ထားပြီးဖြစ်သည့် အထက်ဖော်ပြပါခြံမြေအား ဦးဖြိုးလွင်သော်[၁၀/သထန(နိုင်) ၁၁၄၆၂၁]မှ ၎င်းတစ်ဦးတည်းမှ တရားဝင် ပိုင်ဆိုင်ထားပြီးဖြစ်၍ (၁၄-၁၀-၂၀၂၄) ရက်နေ့တွင် ကျွန်ုပ်မိတ်ဆွေ ဦးတင့်လွင်ဦးနှင့်အတူ အထက်ပါမြေကွက်ကြီးအား အစုရှယ်ယာအဖြစ် ထည့်သွင်းလုပ်ငန်း လုပ်ကိုင်ခဲ့ပြီးနောက် ယခုအခါ ဦးဖြိုးလွင် သော် မှ ကျွန်ုပ်မိတ်ဆွေ ဦးတင့်လွင်ဦးနှင့်အတူ အစုရှယ်ယာအဖြစ် ဆက်လက် လုပ်ကိုင်ရန် ဆန္ဒမရှိတော့၍ ၎င်း၏ကိုယ်ပိုင်သဘောဆန္ဒအရ အစုရှယ်ယာအဖြစ် ထည့်သွင်းထားသည့် အထက်ပါမြေကွက်ကြီးအား ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးတင့်လွင်ဦး [၁၀/သထန(နိုင်)၁၃၃၄၅၉]၊ ဦးအေးမင်းနိုင် [၁၀/ပမန(နိုင်)၁၅၅၈၁၈] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ)အချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၅)**
**အမှတ်(၃၆၁)၊ သမာဓိလမ်း၊ DENKO ဆီဆိုင်အရှေ့၊**
**အောက်ကျင်းရပ်ကွက်၊ သထုံမြို့။**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်၊ ၇၄ယ/၉၀၁၄၃ ယာဉ်လက်ဝယ်ရှိသူ ဦးထက် လွင်မောင် [၁၀/သထန(နိုင်)၁၉၈၁၀၂] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ (၃၀)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁-၂၀၂၅ ရက်နေ့ထုတ် စာမျက်နှာ (၂၃)ပါ နှစ် (၆၀)ဂရန် အမည်ပေါက် ဦးစောလွင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ တွင် လမ်းအမည်ကို နွယ်တော် လမ်း အစား စွယ်တော်လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

| | | |
|---|---|---|
| ဒေါ်အိဖြိုးဝေ | နှင့် | ဒေါ်ဟော်ရွှင်ရှန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၄/ရပ်ကွက်၊ အောင်မင်္ဂလာ ဈေးအနောက်၊ အမှတ်(၄/၁၃၄)နေ (ဘ)ဦးစိုင်းနောင်၏သမီးဖြစ်သူ ဒေါ်ဟော်ရွှင် ရှန်း (ယခုနေရပ်မသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်အိဖြိုးဝေက ပဋိညာဉ်အတိုင်း မြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုလျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်၊ (၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရား လိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာထွန်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် (သောကြာနေ့)ညတွင် D9G Music Band တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကရင်တိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **“သံလွင်ဧရာ တေးကဗျာ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**<u>(၁၀-၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ</u>**
**<u>“သံလွင်ဧရာ တေးကဗျာ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်</u>**
**<u>တေးသီချင်း(၁၀)ပုဒ်</u>**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တို့ပြည်ထောင်စု | Group Song |
| ၂။ | ကကြစို့လေ | တိုင်းရင်းသားအဆိုရှင် |
| ၃။ | မိခင်ဘာသာစကားပြောစေချင် | တိုင်းရင်းသူအဆိုရှင် |
| ၄။ | နှစ်သစ်ပျိုမေ | တိုင်းရင်းသားအဆိုရှင် |
| ၅။ | အစဉ်ထာဝရသာယာစိုပြေ | Group Song |
| ၆။ | တို့သွေးချင်းတွေ | တိုင်းရင်းသားအဆိုရှင် |
| ၇။ | ကရင်လူမျိုးဖြစ်သည် | တိုင်းရင်းသူအဆိုရှင် |
| ၈။ | ဖားစည်သံ | တိုင်းရင်းသူအဆိုရှင် |
| ၉။ | အနန်းယအိုင်နား(နန်းကိုချစ်တယ်) | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | ဧရာဝတီမြေမှ ဖိတ်ခေါ်သည် | Group Song |

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၉/၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက် လိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–197(24–25) | Pressure Control and Metering System Assembly (1) Lot for Biscuit and Noodle Factory (Hmawbi) အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၁-၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီး ဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၁-၁-၂၀၂၅ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (**လူကိုယ်တိုင်**) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-ငမိုးရိပ်၊ မြေကွက် အမှတ်(၂၃၈)၊ မြေကွက်တည်နေရာ အမှတ်(၂၃၈)၊ ငမိုးရိပ်(၈)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်ကြည် [၁၂/သဃက(နိုင်)၀၄၈၂၇၉]) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်) နှင့် ဦးခင်မောင် (ဖခင်)တို့အသီးသီး ကွယ်လွန်ကြသဖြင့် ဒေါ်စန်းလေး [၁၂/ သဃက(နိုင်)၀၅၁၁၆၆]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦး တည်းသော သမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံ ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ကျမ်းကျိန်လွှာ-၂၃၄/ ၂၀၂၄(၁၁-၃-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှု အပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

